# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ် (၃၄၅)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် **General, Sonthi Boonyaratglin** အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်ဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၁၁ရက် ညနေ ၆ နာရီက နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

*စာမျက်နှာ ၃ ကော်လံ ၁* ■



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

# နိုင်ငံတကာပြိုင်ပွဲများ၌အောင်ပန်းဆင်နိုင်ရေး ဆက်လက်ကြိုးပမ်း

အားကစားအောင်နိုင်မှု အဆင့်အတန်းသည် နိုင်ငံနှင့်လူမျိုး၏ယဉ်ကျေးမှုအဆင့်အတန်းနှင့် ဖွံ့ဖြိုး တိုးတက်မှုကို ထင်ဟပ်ဖော်ညွှန်းသည်။ အားကစားအောင်နိုင်ခြင်းသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို တိုးတက်မြင့်မားစေသည်။ ယခုအခါ မြန်မာ့အားကစားအဆင့်အတန်း တိုးတက် မြင့်မားရေးအတွက် အမျိုးသားရေးအမြင်ဖြင့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက အားပေး ချီးမြှောက်လျက်ရှိသည်။

အာရှနိုင်ငံများ၏ နိုင်ငံအလိုက် ဖိတ်ခေါ်ပြိုင်ပွဲများတွင် သက်တမ်းအရင့်ဆုံးဖြစ်သည့် မာဒေးကား ဘောလုံးပြိုင်ပွဲကြီးကို ၁၉၅၇ခုနှစ်၌ စတင်ကျင်းပခဲ့ချိန်မှစပြီး မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း သည် (၁၈)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ၌ ယခုနှစ်အပါအဝင် လေးကြိမ်ဗိုလ်စွဲ ခဲ့ပြီး ဒုတိယဆုသုံးကြိမ်၊ တတိယဆုလေးကြိမ်ဖြင့် စုစုပေါင်းဆုတံဆိပ်(၁၁)ကြိမ် ဆွတ်ခူးရယူ ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ပြိုင်ပွဲတစ်လျှောက်လုံး ထိပ်သီး ပြိုင်ဘက် အသင်းများကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ပွဲစဉ်အားလုံး၌ ရှုံးပွဲမရှိ ထိုက်ထိုက် တန်တန် အနိုင်ရဗိုလ်စွဲခဲ့ခြင်းကြောင့် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာ အောင်ပွဲပင် ဖြစ်သည်။

မြန်မာ့ဘောလုံးအားကစားသည် တစ်ချိန်က အာရှဘောလုံးလောက၌ သရဖူဆောင်းနိုင်ခဲ့သည်။ ယခုတစ်ဖန် ၂၀၀၂ ခုနှစ်တွင် အသက် ၁၇ နှစ်အောက် အာဆီယံလူငယ် ဘောလုံးချန်ပီယံဆု၊ ၂၀၀၃ ခုနှစ်တွင် အသက်၁၈နှစ်အောက် အာဆီယံ လူငယ်ဘောလုံးချန်ပီယံဆုနှင့် ၂၀၀၄ ခုနှစ်တွင် အသက် ၁၈နှစ်အောက် ဘင်းမ်စတက်နိုင်ငံများ လူငယ်ဘောလုံးချန်ပီယံဆုများကို အဆင့်ဆင့် တက်လှမ်း ရယူနိုင်ခဲ့သည်။

နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယခုကဲ့သို့ ဆုတံဆိပ်များရယူဆွတ်ခူးနိုင်ခြင်းသည် နိုင်ငံတော်၏ အားကစား အဆင့်အတန်း တိုးတက်မြင့်မားမှုဂုဏ်ကို ဖော်ညွှန်းရာ ရောက်သကဲ့သို့ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းကိုလည်း မြှင့်တင်ဖော်ဆောင်ပေးခြင်း ဖြစ်ပေ သည်။

အားကစားသမားများအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ မကြုံစဖူး ထူးကဲစွာ အားပေး ချီးမြှောက်မှုအပေါ် ကျေးဇူးတုံ့ပြန်သောအားဖြင့် မိမိတို့၏ ခွဲ၊ လုံ့လ၊ ဝီရိယ ကြိုးပမ်းလေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ် မြင့်မားခိုင်မာမှုနှင့် စည်းလုံးညီညွတ်မှု တို့ ပေါင်းစပ်ပြီး နိုင်ငံတကာ ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် အောင်ပန်းဆင်နိုင်ရေးအတွက် ဆက်လက် ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေ စက်ရုံစီမံကိန်းများ အမှတ်(၂) စက်မှုဝန်ကြီးဗိုလ်ချုပ်စောလွင် ကြည့်ရှုစစ်ဆေး လုပ်ငန်းများအချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြား

နေပြည်တော် စက်တင်ဘာ ၁၂

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၉ ရက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်း ရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်းညွှန်ကြားရေးမှူး ဦးခင်ဝင်းက ဘက်စုံသုံးဒီဇယ်အင်ဂျင် ထုတ်လုပ်မှု စက်ရုံစီမံကိန်းအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဆောက်လုပ်ရေးပစ္စည်းများ စုဆောင်းထားရှိမှုနှင့် အလုပ်ရုံများအတွက် Steel Structure များ ရောက်ရှိမှု၊ တပ်ဆင်နေမှုများနှင့် တပ်ဆင်ရန်အတွက် ကြိုတင်ပြင်ဆင် ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။**

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးအား ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှု စက်ရုံ အထွေထွေမန်နေဂျာ ဦးအေးသောင်က စက်ရုံ၏ ဖွဲ့စည်းပုံအင်အား၊ လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ စက်ရုံနယ်မြေအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### ကြိုတင်စီစဉ်

ယင်းနောက် ဝန်ကြီးက စက်ရုံ စီမံကိန်းလုပ်ငန်းများကို သတ်မှတ် ကာလအတွင်း ပြီးစီးစေရန် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရေး၊ Steel Structure များ တပ်ဆင်ရာ၌ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်အလုပ်ရုံများအတွက် ထပ်မံရောက်ရှိလာမည့် Steel Structure များ ထိန်းသိမ်းထားရှိရန်အတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရေးတို့ကို မှာကြားသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်န ရေတာ ထုတ်လုပ်မှု စက်ရုံစီမံကိန်းနှင့် မြေထိုးစက်၊ မြေကော်စက် ထုတ်လုပ်မှု စက်ရုံစီမံကိန်းအတွက် မြေနေရာ ရွေးချယ်ထားမှုနှင့် အကြိုအင်ဂျင်နီယာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဘက်စုံသုံး ဒီဇယ် အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း၏ Ware House အလုပ်ရုံ၌ Steel Structure များ တပ်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ရှင်း လင်းပြသကြသည်။

### မှာကြား

ယင်းနောက် ဝန်ကြီးက လိုအပ် သည်များ မှာကြားပြီး ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန် လည်ရောက်ရှိကြောင်း သတင်းရရှိ သည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁၃-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုု့ဂှက်ချက်"** (အပိုင်း-၁၄)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ** -အဘိဓမ္မာ၊ သဒ္ဒါ၊ မြတ်ကျမ်းစာ (အပိုင်း-၁)
၁၉။ English Usage
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့ တက်လူ"** (အပိုင်း-၆)



**မိခင်ကြီး ဒေါ်မြင့်မြင့်သက် တစ်လပြည့်အားရည်စူး၍ အမှတ် ၇၅(စီ) ဗိုလ်ရာညွှန့်လမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ်နေ ဦးမြတ်သူနှင့်ညီအစ်ကို မောင်နှမသား၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဓိဝိတဒါနသံဃာ့ဆေးရုံသို့ စက်တင်ဘာ ၆ ရက်က ထာဝရဆေးပဒေသာပင် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်း တော်ကြီး ဖြစ် မြောက်ရေး ကော် မ တီ ရုံး ခန်း (ဗဟန်း ၃ လမ်း မှတ် တိုင် အနီး) တွင် အမှတ် ၆၂ ၉၄ လမ်း ကန် တော်ကလေးနေ ဖခင်ဦးမောင်ညို (၈)နှစ်ပြည့် အား ရည်စူး၍ ကျန်ရစ် သူ ဇနီးဒေါ်မိုးနှင့်သားသမီး၊ မြေးတစ်စုက ငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူးဦးဌေးမြင့်ထံ လှူဒါန်းစဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၃-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ နိုင်ငံတကာ အနုပညာရေးရာ
၇:၃၀ တေးဂီတအစီအစဉ်
၇:၃၅ အချိန်ကုန်သက်သာ ရယ်ဒီမိတ်ဟင်းလျာ
၇:၅၅ တေးဂီတအစီအစဉ်
၈:၀၀ Midweek Sports News
၈:၁၅ နိုင်ငံတကာသတင်းအကျဉ်း
၈:၂၀ ရဟန်းတော်နှင့် ပဏ္ဍာစာရိကကျင့်ဝတ်
၈:၄၅ မိုးလေဝသခန့်မှန်းချက်
၈:၅၀ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမ နင်းဝေငြိမ်းနှင့် တွေ့ဆုံခြင်း)
၉:၀၅ ပြည်တွင်းသတင်းအကျဉ်း
၉:၁၅ တေးဂီတအစီအစဉ်
၉:၂၀ ယွန်းထည်အတတ်ပညာ
၉:၄၅ တေးဂီတအစီအစဉ်
၉:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅ အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (စိတ်ကူးချိုချို စာအုပ်အရောင်းပွဲတော်)
၁၀:၁၅ တေးဂီတအစီအစဉ်
၁၀:၂၀ တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀ Myanmar Video Rhythm
၁၁:၃၅ တေးဂီတအစီအစဉ်
၁၁:၄၀ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး
၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

### Champion League ဘောလုံးပွဲစဉ်

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၂:၃၀ | Man:Utd-Celtic | 5-Series (Live) |
| ၁:၀၀ | Lyon-Real Madrid | 5-Sports (Live) |



■ ရှေ့ဖုံးမှ

## တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့် အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

# ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်ချုပ်အောင်မင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၂

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၀၆ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက် အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟိုပို့ဆောင် ဆက်သွယ်ရေးကျောင်း မိတ္ထီလာမှ ကျောင်းအုပ်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့် တိုင်းများမှ အရာရှိများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

### ရှင်းလင်း

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်များမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သော လုပ်ငန်းရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က အမှာစကားပြောကြားကြသည်။

### တင်ပြ

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့က မိမိတို့နှင့် သက်ဆိုင်သော လုပ်ငန်းများကို အသီးသီး ဆက်လက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လုပ်ငန်းဆိုင်ရာများ မှာကြားသွားသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃–၉–၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ လေးဆူဓာတ်စံရွှေစာရံ
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၈။ ငါ့သရောက်ရေလှောင်တမံ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Let's Go

**ညပိုင်း**

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ ခမ္ဘစကြာဝတ်ရွတ်ပြိုင်ပွဲ (ပထမဆု) (လသာရတနာဝတ်အသင်း)
- ၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၁၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇း၃၀ ၇။ သီချင်းကြီးပဒေသာ
- ၁၇း၄၀ ၈။ **"နင်းကြည့်စမ်းပါ"** မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင် (ဒါရိုက်တာ–မင်းအုပ်စိုး)
- ၁၇း၅၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈း၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၂။ Japan Video Topics
- ၁၈း၄၀ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉း၂၀ ၁၄။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (ဝါသနာရှင်အဆင့်) (အမျိုးသား)
- ၁၉း၃၅ ၁၅။ **"ကိုဆိုလျက်ပါ"** ငှက်ပျောကြော်၊ မင်းထက်ကျော်ဇင်၊ နေထူးနိုင်၊ နေယံ၊ ဇင်ဇင်ဇော်မြင့်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော် ဒါရိုက်တာ–အောင်မိုး(ပဲရစ်)
- ၁၉း၄၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **"ကြယ်စင်ဝန်းခ ပန်းရိုးမ"** လူမင်း၊ ခန့်စည်သူ၊ နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ နွဲ့နွဲ့မူ၊ မြင့်မြင့်ခိုင် (ဒါရိုက်တာ–စင်ရော်မောင်မောင်)

# ပွင့်လင်းရာသီအတွင်း ပြည်တွင်းခရီးစဉ်များ မြန်မာ့ခရီးသွားလုပ်ငန်းက အထူးစီစဉ်ပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာ့ခရီးသွားလုပ်ငန်းဌာနက ပြည်တွင်းခရီးသွားလာမှုလုပ်ငန်းများအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ပွင့်လင်းရာသီ အားလပ်ရက်များအတွင်း ပြည်သူများအဆင်ပြေ ချောမွေ့ပျော်ရွှင်စွာ ခရီးသွားလာနိုင်ရန် ပြည်တွင်းခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ဘုရားဖူးခရီးစဉ်၊ ဒေသန္တရ လေ့လာရေးခရီးစဉ်၊ အပန်းဖြေခရီးစဉ် စသည့် ခရီးစဉ်မျိုးစုံကို အစုအဖွဲ့အလိုက်ဖြစ်စေ၊ အဖွဲ့ငယ်အလိုက်ဖြစ်စေ လွယ်ကူသက်သာပျော်ရွှင်စွာ သွားလာနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

### အဆင့်မီဟိုတယ်များစီစဉ်ထား

အပန်းဖြေခရီးစဉ်များဖြစ်သည့် ချောင်းသာ၊ ငွေဆောင်၊ ငပလီခရီးစဉ်၊ ရန်ကုန်–မန္တလေး–ပြင်ဦးလွင် ခရီးစဉ်များ၊ လေ့လာရေးခရီးစဉ်များဖြစ်သည့် ရန်ကုန်–မြစ်ကြီးနား ခရီးစဉ်၊ ကျိုင်းတုံ–တာချီလိတ်ခရီးစဉ်၊ တောင်ကြီး–အင်းလေး–ပင်းတယခရီးစဉ်၊ လားရှိုး–မူဆယ်ခရီးစဉ်၊ ရန်ကုန်–မော်လမြိုင်ခရီးစဉ်၊ ဘုရားဖူးခရီးစဉ်များဖြစ်သည့် ပုဂံဘုရားစုံဖူး၊ ရန်ကုန်–ပဲခူး–ကျိုက်ထီးရိုးခရီးစဉ်၊ မင်းဘူးရွှေစက်တော်ခရီးစဉ်၊ ဇလွန်ပြည်တော်ပြန်ဘုရား နေ့ချင်းပြန်ခရီးစဉ်၊ စစ်တွေ–မြောက်ဦးခရီးစဉ်တို့ ဖြစ်ကြသည်။ ခရီးစဉ်များအားလုံးအတွက် အဆင့်မြင့်ယာဉ်များဖြင့် ပို့ဆောင်ပေးနေပြီး ဒေသအလိုက် အဆင့်မီဟိုတယ်များ၌ တည်းခိုနေထိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

### စုံစမ်းနိုင်

အစုအဖွဲ့အလိုက် သွားရောက်မည့် ခရီးသည်များအတွက် မြန်မာပြည်အနှံ့ မည်သည့်ခရီးစဉ်၊ မည်သည့်နေ့ရက်မဆို သွားရောက်နိုင်ရေး၊ တည်းခိုနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အသေးစိတ်သိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ် ၇၇/၉၁ ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၂၅၂၈၅၉၊ ၃၇၈၃၇၆၊ ၃၇၄၂၈၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စက်တင်ဘာ ၁၁ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များ သံဓာတ်အားဆေး၊ ကြက်ဥနှင့် အိုင်အိုဒင်းဆားထောက်ပံ့ခြင်း၊ ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေဆေး တိုက်ကျွေးခြင်း အခမ်းအနားကို မြို့နယ်အသင်းရုံး၌ကျင်းပရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမဆုရရှိသူအား ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ဆုချီးမြှင့်စဉ်။** (က–ပ)



# အရှေ့မြောက်အာရှလုံခြုံရေး နျူကလီးယားကင်းမဲ့ရေးပေါ် မူတည်

ဟယ်ဆင်ကီ စက်တင်ဘာ ၁၂

**အရှေ့မြောက်အာရှလုံခြုံရေးမှာ ကိုရီးယားကျွန်းဆွယ်အတွင်း နျူကလီးယားကင်းမဲ့ရေးအကောင်အထည်ဖော်နိုင်မှုအပေါ်တွင် မူတည်လျက်ရှိကြောင်း တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်က ဟယ်ဆင်ကီမြို့၌ စက်တင်ဘာ ၁၀ ရက်က ပြောကြား လိုက်သည်။**

ခြောက်ကြိမ်မြောက် အာရှ-ဥရောပထိပ်သီး အစည်းအဝေး ရပ်နားချိန် တောင်ကိုရီးယားသမ္မတ နိုမူဟွန်းနှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်ဝန်ကြီး ချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးတို့သည် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် လိုလားကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ ကိုရီးယားကျွန်းဆွယ် အခြေအနေနှင့် ပတ်သက်၍လည်း ခေါင်းဆောင်နှစ်ဦးတို့ အမြင်ချင်းဖလှယ်ကြသည်။

ကိုရီးယားကျွန်းဆွယ်မှာ ယခု တိုင် စစ်အေးတိုက်ပွဲမှလွတ်မြောက် ခြင်း မရှိသေးသည့်အတွက် အခြေအနေမှာ လွန်စွာရှုပ်ထွေးပြီး အတိမ်းအစောင်း မခံကြောင်းဖြင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြောဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**



တွန်ဂါဘုရင် တော်ဖာအဟောတူပေါ

# အသက် (၈၈)နှစ်ရှိ တွန်ဂါဘုရင် နယူးဇီလန်၌ ကွယ်လွန်

ဝယ်လင်တန် စက်တင်ဘာ ၁၂

ပစိဖိတ်တောင်ပိုင်းရှိ တွန်ဂါနိုင်ငံမှ ဘုရင်တော်ဖာအဟောတူပေါသည် နယူးဇီလန်ဆေးရုံ၌ အသက် ၈၈ နှစ်အရွယ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာက စက်တင်ဘာ ၁၁ ရက်က ကြေညာသည်။

**ကွယ်လွန်**

၎င်းသည် စက်တင်ဘာ ၁၀ ရက်ညပိုင်းက ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း နယူးဇီလန်၌ နေထိုင်သော တွန်ဂါလူမျိုးများ၏ ပြောကြားချက်ကို မာတန်ချီတွန်ဂါ သတင်းစာက ကိုးကားဖော်ပြသည်။

၎င်းသည် ဧပြီလက နယူးဇီလန်သို့ လာရောက်ဆေးကုသမှု ခံယူခဲ့ကြောင်း၊ ဇူလိုင် ၄ ရက်က အသက်(၈၈) နှစ်မြောက် မွေးနေ့ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**



**အတ္တလန်တစ် လွန်းပြန်ယာဉ်နှင့် အတူ လိုက်ပါသွားသော အာကာသ ယာဉ်မှူး ဂျိုးတန်နာသည် နိုင်ငံတကာအာကာသစခန်း၌ အာကာသစခန်းယာဉ်အား ပြုပြင်နေသည်ကို စက်တင်ဘာ ၁၂ ရက်က နာဆာ၏ ရုပ်မြင်သံကြားတွင် တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ရုရှားစစ်ဘက်ရဟတ်ယာဉ် ပျက်ကျပြီး ၁၀ ဦးသေဆုံး

မော်စကို စက်တင်ဘာ ၁၂

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသတွင် စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ရုရှားတပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံးခဲ့ရကြောင်း အင်တာဖက်သတင်းဌာနက စက်တင်ဘာ ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။

ရုရှားစစ်ဘက်အရာရှိ အချို့ကိုတင် ဆောင်လာသော ရဟတ်ယာဉ်မှာ မည်သည့်အတွက်ကြောင့် ပျက်ကျသည်ကို ပြောကြားရန် အချိန်စောသေးကြောင်း၊ သို့သော် ကော့ကေးဆပ်ဒေသ၌ မော်စကို ဆန့်ကျင်ရေးသမားတို့က ရုရှားရဟတ်ယာဉ် ပစ်ချခဲ့ကြောင်းလည်း အချို့သတင်းများက ဖော်ပြသည်။

ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါသော ရုရှားစစ်ဘက်အရာရှိ သုံးဦး၏ ရုပ်အလောင်းများကို ဗလာဒီကော့ဇ်ကတ်စ်မြို့အနီး ရဟတ်ယာဉ်ပျက်ကျရာ၌ တွေ့ရှိရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ အခြားသေဆုံးသူများကိုလည်း ရှာဖွေတွေ့ရှိသည်ဟု ဆိုသည်။

ရဟတ်ယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်း သုံးဦးနှင့် အခြားရုရှားတပ်ဖွဲ့ဝင်များလိုက်ပါလာပြီး ချေချင်းညာဒေသအနီး မြောက်ကော့ကေးဆပ်ဒေသသို့ ပျံသန်းလာသော ရဟတ်ယာဉ်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

# ကန်အပေါင်းအပါ တပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်၌ သေဆုံး

ကဘူးလ် စက်တင်ဘာ ၁၂

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်နှစ်ဦး တိုက်ပွဲဖြစ်ပွားစဉ် သေဆုံးခဲ့ကြောင်း စက်တင်ဘာ ၁၀ ရက်က နေတိုးအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။

ထိုတပ်ဖွဲ့ဝင်နှစ်ဦးသည်ကဘူးလ်မြို့နှင့် ကန်ဒါဟာပြည်နယ်တို့၌ စက်တင်ဘာ ၉ ရက် ညပိုင်းက သေဆုံးခဲ့ကြခြင်းဖြစ်သည်။

**သေဆုံး**

သေဆုံးသူတစ်ဦးမှာ ကန်ဒါဟာပြည်နယ် ပန်ဝေဒေသ၌ အာဖဂန်တပ်ဖွဲ့ဝင်များနှင့်အတူ စစ်ဆင်ရေးဆောင်ရွက်နေသူဖြစ်ပြီး ဒုတိယသေဆုံးသူမှာ ကဘူးလ်မြို့၌ အာဖဂန်တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အကြမ်းဖက်ခြိမ်းခြောက်မှုအန္တရာယ် ဘုရှ်၏မဟာဗျူဟာကြောင့် ပိုဆိုးလာကြောင်းဝေဖန်ခံရ

ဝါရှင်တန် စက်တင်ဘာ ၁၂

ရေရှည်ဆင်နွှဲရမည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် နည်းဗျူဟာ တိုးတက်မှုအချို့ရှိသော်လည်း သမ္မတဘုရှ်အစိုးရ၏ မဟာဗျူဟာကြောင့် အကြမ်းဖက်ရေး ခြိမ်းခြောက်မှုအန္တရာယ်မှာ ပိုမိုဆိုးရွားသွားစေကြောင်းဖြင့် အမေရိကန်တန်ပြန်အကြမ်းဖက်ရေးကျွမ်းကျင်သူ ဒယ်နီယယ်ဘင်ဂျမင်က ဆင်ဟွာနှင့် တွေ့ဆုံဆွေးနွေးခန်းတွင် မကြာမီက ဝေဖန်ပြောကြားလိုက်သည်။

**ပိုမိုဆိုးရွား**

အချို့သော နည်းဗျူဟာနယ်ပယ်တွင် မိမိတို့ကောင်းစွာ ဆောင်ရွက်နိုင်မည်ဟု မိမိယုံကြည်ကြောင်း၊ သို့သော် မိမိတို့သည် မဟာဗျူဟာအရ လွဲချော်နေကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့် မိမိတို့လုပ်ဆောင်မှုများကြောင့် အကြမ်းဖက်ခြိမ်းခြောက်မှုမှာ ပိုမိုဆိုးရွားသွားကြောင်း မစ္စတာဘင်ဂျဗင်က ပြောဆိုသည်။

**ပြောဆို**

အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့ကို ဖြိုခွဲခြင်းသည် မိမိတို့အနေဖြင့် နည်းဗျူဟာအောင်မြင်မှုအချို့ရလိုက်သော်လည်း အကြမ်းဖက်ခြိမ်းခြောက်မှုကို အခြားသောဒေသအများအပြားသို့ ဖြန့်ပေးလိုက်သလို ဖြစ်သွားကြောင်း၊ အီရတ်သည် အကြမ်းဖက်မှုတိုက်ဖျက်ရန် အသုံးချရမည့်နေရာအမှန်ဟူ၍ မိမိလုံးဝမယူဆကြောင်း၊ အီရတ်အားကျူးကျော်ဝင်ရောက်ခြင်းမှာ မဟာဗျူဟာအမှားတစ်ခုပင် ဖြစ်သည်ဟု ယခုမိမိထင်မြင်ယူဆကြောင်း၊ အယ်လ်ခိုင်ဒါအဖွဲ့ကို ဖယ်ရှားရုံဖြင့် ကိစ္စပြီးဆုံးမည်ဟုလည်း မိမိမယူဆကြောင်း စသည်ဖြင့်၎င်းကပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း**

**နိုင်ငံတကာ သတင်းများ**

# ဇင်ဘာဘွေတွင် ဝါတင်ပို့မှုမှ ဒေါ်လာ ၁၀၂ သန်းရရှိ

ဟာရာရေး စက်တင်ဘာ ၁၂

**ဇင်ဘာဘွေနိုင်ငံသည် ယခုနှစ်တွင် ဝါဂွမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၂ သန်းရရှိမည်ဖြစ်ကြောင်း၊အနာဂတ်ကာလတွင် ဝါဂွမ်းသည် ပြည်ပသို့ အဓိကပို့ကုန်ဖြစ်လာမည် ဖြစ်ကြောင်း ဇင်ဘာဘွေအရာရှိတစ်ဦးက စက်တင်ဘာ ၁၀ ရက်၌ ပြောကြားသည်။**

ထိုသို့ ဝင်ငွေရရှိမှုသည် ယခင်နှစ်ကထက် ပိုမိုများပြားကြောင်း ပြည်တွင်းဝါဂွမ်းလုပ်ငန်းမှ အရာရှိတစ်ဦးက ပြောကြားသည်။ ဇင်ဘာဘွေသည် ယခုနှစ်တွင် ဝါဂွမ်းတန်ချိန် ၈၀၀၀၀ ခန့်ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

**ခန့်မှန်း**

ဇင်ဘာဘွေနိုင်ငံ၏ ၂၀၀၅-၂၀၀၆ ဝါဂွမ်းစိုက်ကာလ အတွင်း ဝါဂွမ်းတန်ချိန် ၂၇၀၀၀၀ နှင့် ၃၀၀၀၀၀ အကြား ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။

**အများဆုံး**

ဇင်ဘာဘွေနိုင်ငံတွင် ဝါဂွမ်းစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်းဖြင့် အနာဂတ် ကာလတွင် ပြည်ပပို့ကုန်များ၌ ဝါဂွမ်းတင်ပို့မှုက အများဆုံးဖြစ်လာမည်ဟုလည်း အဆိုပါအရာရှိက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**



# ဘဂ္ဂဒက်မြို့အရှေ့ပိုင်း၌ ကားဗုံးပေါက်ကွဲ သုံးဦးသေဆုံး၊ ၁၂ဦးဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၂

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း၌ စက်တင်ဘာ ၁၀ရက်က ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်လာစဉ် ကားဗုံးပေါက်ကွဲခဲ့ရာ သုံးဦးသေဆုံးပြီး ၁၂ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး ဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။**(ဓါတ်ပုံ)**

**ပေါက်ကွဲ**

ယင်းဖြစ်ပွားမှုသည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲခန့်က အယ်လ်ဝါဒါကုမ္ပဏီအနီး ၂၅ မီတာအကွာရှိ အယ်လ်စိမ့်စားသောက်ဆိုင်အနီးသို့ ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်လာစဉ် ကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူအရာရှိတစ်ဦးက သတင်းပေးပို့ခဲ့သည်။

**ဒဏ်ရာရ**

လွန်ခဲ့သည့် အစောပိုင်းရက်အတွင်းက ဘတ်အယ်ရှာဂျီဒေသရှိ ဆူဟာဂျက်ဈေးတွင် လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ သုံးဦးသေဆုံးခဲ့ပြီး ၂၆ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့၏ သတင်းအရ သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



### အလှပြယာဉ်

တရုတ်နိုင်ငံ ရှန်ယန်းမြို့၌ကျင်းပသည့် နိုင်ငံတကာခရီးသွားပွဲတော်တွင် နိုင်ငံပေါင်းစုံမှ အနုပညာရှင်များ ပါဝင်ဖျော်ဖြေသည့် အလှပြယာဉ်ကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# တရုတ်နိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှု ၂၀၁၀ပြည့်နှစ်၌ ဒေါ်လာ ၆၀ ဘီလီယံအထိရှိလာမည်

ရှာမင် စက်တင်ဘာ ၁၂

**တရုတ်နိုင်ငံသည် လာမည့် ၂၀၁၀ ပြည့်နှစ်တွင် ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၆၀ဘီလီယံအထိ ရှိမည်ဖြစ်ကြောင်း ကုလသမဂ္ဂစက်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့(ယူနီဒို)၏ညွှန်ကြားရေးမှူးချုပ် ကန်ဒတ်ယမ်ကီလာက ပြောကြားလိုက်သည်။**

တရုတ်နိုင်ငံသည် ကမ္ဘာတွင် အဓိက ရင်းနှီးမြှုပ်နှံသည့် နိုင်ငံ ဖြစ်လာမည်ဟု တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန့်ပြည်နယ် မြို့တော်ရှာမင်မြို့တွင် စက်တင်ဘာ ၈ ရက်က စတင်ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဖိုရမ်၌ ကန်ဒတ်ယမ်ကီလာက ပြောကြားခြင်းဖြစ်သည်။

**ရင်းနှီးမြှုပ်နှံ**

ထို့အတူ တရုတ်နိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ အထူးသဖြင့် အာရှနှင့် အာဖရိကနိုင်ငံများသို့ စီးဝင်မည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

**ပြောကြား**

တရုတ်နိုင်ငံသည် ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၅ ခုနှစ်အတွင်း ပြည်ပတွင် ရင်းနှီးမြှုပ်နှံမှု ၆၅ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်အောင် ပြုလုပ်နိုင်ခဲ့သည်ဟု တရုတ်စီးပွားရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရန်၏ ယူရေနီယံသန့်စင်မှု နှစ်လတာရပ်ဆိုင်းရန်ကမ်းလှမ်း

**ဘာလင် စက်တင်ဘာ ၁၂**

အီရန်နိုင်ငံ၏ နျူကလီးယားစေ့စပ်ရေးမှူး အလီလာရီဂျာနီက အီရန်၏ နျူကလီးယား အစီအစဉ်မှ ယူရေနီယံသန့်စင်မှုကို နှစ်လတာ ရပ်ဆိုင်းရန် ကမ်းလှမ်းကြောင်း ဥရောပသမဂ္ဂအီးယူ သံတမန်တစ်ဦးက စက်တင်ဘာ ၁၀ ရက်က ပြောကြားလိုက်သည်။

အီရန်နျူကလီးယား စေ့စပ်ရေးမှူး လာရီဂျာနီက အီးယူနိုင်ငံခြားရေးဆိုင်ရာ အကြီးအကဲဟာဗီးယားဆိုလာနာနှင့် ရက်သတ္တပတ်ကုန်တွင် တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း ကမ်းလှမ်းလိုက်ခြင်းဖြစ်ကြောင်း အဆိုပါ အမည်မဖော်လိုသူ သံတမန်က ပြောကြားလိုက်ခြင်း ဖြစ်သည်။

မစ္စတာ လာရီဂျာနီက ယူရေနီယံသန့်စင်မှုကို နှစ်လတာရပ်ဆိုင်းရန် အဆိုပြုကမ်းလှမ်းကြောင်း၊ သို့သော် အီရန်အား မက်လုံးပေးသည့်စေ့စပ်ဆွေးနွေးပွဲပြီးမှ စတင်မည်လော၊ သို့မဟုတ် မည်သည့်အချိန် စတင်အကောင်အထည်ဖော်မည်ကို အသေးစိတ် မသိရသေးကြောင်းဖြင့် အီးယူသံတမန်က ပြောဆိုသည်။

သူသည် အီရန်အား မက်လုံးပေးသည့် ခြောက်နိုင်ငံအနက် အီးယူအဖွဲ့ဝင်တစ်နိုင်ငံမှ သံတမန်တစ်ဦးဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း**
**နိုင်ငံတကာ သတင်းများ**

# အကြမ်းဖက်မှုတိုက်ဖျက်ရေးအောင်မြင်ရန် စစ်အင်အားနှင့်အတူစည်းရုံးရေးနည်းပါသုံးသင့်ဟုဆို

ဝါရှင်တန် စက်တင်ဘာ ၁၂

**၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ ရက်က အမေရိကန်မြို့ကြီးများ အကြမ်းဖက်တိုက်ခိုက်ခံရပြီး ငါးနှစ်အကြာတွင် ထိုအနိဋ္ဌာရုံကပေးလိုက်သည့် အရေးကြီးဆုံးသင်ခန်းစာမှာ အကြမ်းဖက်မှုကို စစ်အင်အားတစ်ခုတည်းဖြင့် အောင်မြင်မှု မရနိုင်ဟူ၍ဖြစ်ပြီး အကြမ်းဖက်မှုကို အနိုင်ယူအောင်ပွဲခံနိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ အင်အားသုံး အကြမ်းနည်းနှင့် ညင်သာသည့်စည်းရုံးသိမ်းသွင်းရေး နည်းတို့ပေါင်းစပ်ကျင့်သုံးရေးပင် ဖြစ်ကြောင်း အမေရိကန် ထိပ်တန်း ပါမောက္ခတစ်ဦးဖြစ်သူ ဂျိုးဇက်နိုက်က ဆင်ဟွာသို့ပြောကြားလိုက်သည်။**

အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ စစ်ပွဲအောင်မြင်ရေးအတွက် သမ္မတဘုရှ်အစိုးရ ဆောင်ရွက်သကဲ့သို့ စစ်အင်အားအသုံးပြုရေးကို အလေးထားခြင်းထက် ဆွဲဆောင် သိမ်းသွင်းရေးကို ပိုမိုအသုံးချရန် လိုအပ်ကြောင်း ဟားဗတ်တက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေးဌာန ပါမောက္ခ ဂျိုးဇက်နိုက်က ပြောဆိုသည်။

**နည်းလမ်း**

စစ်အင်အားသုံးခြင်းက အနိုင်ရအောင် အင်အားအသုံးပြုပြီး၊ စည်းရုံးသိမ်းသွင်းနည်းက အင်အားသုံးခြင်းထက် အလိုရှိသည်ကို သိမ်းသွင်းဆွဲဆောင်နိုင်စွမ်းပင် ဖြစ်ကြောင်း၊ ထိုနည်းလမ်းနှစ်ရပ်ကို တစ်ပြိုင်နက် ပေါင်းစပ် အသုံးပြုနိုင်စွမ်းသည် သင့်မြတ်ပါးနပ်သည့် အင်အားပင်ဖြစ်ကြောင်း၊ ယင်းမှာ အကြမ်းဖက်မှု နှိမ်နင်းရေးစစ်ကို အောင်မြင်စေသည့် နည်းလမ်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

**မှားယွင်း**

နိုင်းအလဲဗင်း အနိဋ္ဌာရုံနောက်ပိုင်း အမေရိကန်သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးကို နှစ်ကြိမ်ဆင်နွှဲခဲ့ကြောင်း ၊ ပထမအချီတွင် အာဖဂန်နစ္စတန်ကို တိုက်ခြင်းဖြစ်ပြီး အမေရိကန် အောင်ပွဲခံနိုင်ကြောင်း၊ ဒုတိယအချီတွင် နိုင်ငံတကာ ထောက်ခံမှုမရဘဲ အီရတ်အား ကျူးကျော်တိုက်ခိုက်ခြင်းမှာ မှားယွင်းကြောင်း စသဖြင့် ပါမောက္ခ ဂျိုးဇက်နိုက်က ဝေဖန်ပြောဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အိန္ဒိယ-မြန်မာနယ်စပ်၌ ငလျင်လှုပ်

**နယူးဒေလီ စက်တင်ဘာ ၁၂**

အိန္ဒိယနှင့် မြန်မာနယ်စပ်၌ စက်တင်ဘာ ၁၀ရက်က အင်အားရစ်ချ်တာစကေး ၄ ရှိ မြေငလျင် တစ်ခု လှုပ်ခတ်သွားခဲ့ရာ ပျက်စီးဆုံးရှုံးမှု ယခုအထိ မသိရသေးကြောင်း အင်ဒိုအာရှ သတင်းဌာနက ဖော်ပြသည်။

ယင်းငလျင်သည် စက်တင်ဘာ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၂ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းငလျင်၏ ဗဟိုပြုလှုပ်ခတ်ရာဒေသမှာ အိန္ဒိယ-မြန်မာနယ်စပ် မာနီပါဒေသ၌ ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အိန္ဒိယ၌ ဂျူတင်သွင်းမှုအပေါ် နှစ်ကုန်အထိအခွန်ကင်းလွတ်ခွင့်ပြုမည်

နယူးဒေလီ စက်တင်ဘာ ၁၂

**ပြည်ပမှ ပုဂ္ဂလိကဂျုံတင်သွင်းသူများအတွက် သွင်းကုန်ခွန်ကို ငါးရာခိုင်နှုန်းမှ သုညရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း အိန္ဒိယ ဘဏ္ဍာရေးဝန်ကြီးဌာနမှ စက်တင်ဘာ ၉ရက်၌ ပြောကြားသည်။**

ထိုသို့ ဂျုံများ ပြည်ပမှတင်သွင်းမှုမှာ ယခုနှစ်ဒီဇင်ဘာ ၃၁ ရက်အထိ သွင်းကုန်ခွန် ကင်းလွတ်ပေးမည်ဖြစ်ကြောင်း အိန္ဒိယ ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်း ထုတ်ပြန်ချက် တစ်ရပ်၌ ဖော်ပြသည်။

**သတင်းထုတ်ပြန်**

ပြီးခဲ့သည့် ဩဂုတ်လကပြုလုပ်ခဲ့သော အိန္ဒိယအစိုးရအဖွဲ့ အစည်းအဝေး၌ အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၉ ရက်၌ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**မျှော်လင့်**

အိန္ဒိယနိုင်ငံ၏ ကုန်သွယ်ရေး လုပ်ငန်းအနေဖြင့် ယခုစက်တင်ဘာလ၌ ဂျုံတန်ချိန် ၅ ဒသမ ၅ သန်း တင်သွင်းမည်ဖြစ်သည်။ ထို့အပြင် သွင်းကုန်စည်းမျဉ်းအသစ်ကြောင့် ပုဂ္ဂလိကကဏ္ဍတွင်လည်း ဂျုံတင်သွင်းမှုနှုန်း ပိုမိုများပြားလာမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

### ဥရောပ၌ အသက်အကြီးဆုံးအဘွားအို



**ဥရောပ၌ အသက်အကြီးဆုံး အဘွားအိုတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)**

ပေါ်တူဂီနိုင်ငံအလယ်ပိုင်း တိုမာမြို့အနီး ကိုရူဂျိုကျေးရွာတွင် နေထိုင်လျက်ရှိသော ဘွားဘွား မာရီရာဒေဂျီဆုမှာ အသက် ၁၁၃ နှစ်ရှိပြီဖြစ်သည်။ ၎င်း၏ ၁၁၃ နှစ်မြောက် မွေးနေ့ကို စက်တင်ဘာ ၁၀ ရက်က သူမ၏ နေအိမ်တွင် ကျင်းပခဲ့သည်။ ဘွားဘွား မာရီရာဒေဂျီဆုမှာ ဥရောပ၌ အသက်အကြီးဆုံး အမျိုးသမီးကြီးဖြစ်သည်။ **(အင်တာနက်)**



### နှစ်လေးသန်းကျော်က တိရစ္ဆာန်တစ်ကောင်၏သွားများ

**လွန်ခဲ့သော နှစ်ပေါင်း လေးသန်းကျော်က တိရစ္ဆာန်တစ်ကောင်၏ သွားများကို ပြသထားစဉ်။ (ဝဲပုံ)**

အဆိုပါ သွားများကို အီသီယိုးပီးယားနိုင်ငံတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၄ ဒသမ ၁ သန်းကျော်က အသက်ရှင်ကျက်စားခဲ့သော တွားသွားသတ္တဝါတစ်ကောင်၏အပေါ်သွားများ ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# မြောင်းမြခရိုင်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စက်တင်ဘာ ၁၁ရက် နံနက် ၇နာရီခွဲက မြောင်းမြမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်း မြောင်းမြခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။** (အောက်ပုံ)

**ဂုဏ်ပြုဆုချီးမြှင့်**

ထို့နောက်၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ခြောက်ဘာသာဂုဏ်ထူးရရှိသူ အိမ်မဲမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မမြတ်သီရိဟန်၊ မြောင်းမြမြို့ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ မမေပြုံးလဲ့ယဉ်နှင့် ငါးဘာသာဂုဏ်ထူးရရှိသူများ ဖြစ်ကြသော အထက(၁)လပွတ္တာမှ မောင်ဝေတိုးသူ၊ အထက(၁) ဝါးခယ်မမှ မဖြိုးသက်နှင်းဌေးနှင့်အထက(၁)ဝါးခယ်မမှ မစုဝင်းသာတို့အား ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် မြောင်းမြခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀ သိန်းနှင့် အလှူရှင်များက ငွေကျပ်ခုနစ်သိန်း စုစုပေါင်းငွေကျပ် ၁၇ သိန်းအား ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် အစည်းအဝေးဒုတိယပိုင်းအား ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြောင်းမြခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဌေးနိုင်က ဆောင်ရွက်ပြီး မြောင်းမြမြို့နယ်အသင်း အတွင်းရေးမှူး ဦးပြုံးချို၊ အိမ်မဲမြို့နယ်အသင်းအတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ ဝါးခယ်မမြို့နယ်အသင်း အတွင်းရေးမှူး ဦးကျော်လွင်၊ မော်လမြိုင်ကျွန်းမြို့နယ်အသင်း အတွင်းရေးမှူး ဦးကိုကိုလွင်၊ လပွတ္တာမြို့နယ်အသင်း အတွင်းရေးမှူး ဦးလှိုင်ဦးတို့က မြို့နယ်အလိုက်၊ ကဏ္ဍအလိုက် တစ်နှစ်တာဆောင်ရွက်ခဲ့မှုအစီရင်ခံစာများ တင်သွင်းကာ မြောင်းမြခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစီရင်ခံစာအား ခရိုင်အသင်း အလုပ်အမှုဆောင် ဦးလှဌေးက တင်သွင်းပြီး အစီရင်ခံစာများအပေါ် အသင်းကိုယ်စားလှယ်များက ဆွေးနွေးအကြံပြု၍ ဆုံးဖြတ်ချက်များကို အတည်ပြုမှတ်တမ်းတင်ကြသည်။

**တွေ့ဆုံ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စက်တင်ဘာ ၁၀ ရက် ညပိုင်းက အသင်းဝင်များနှင့်တွေ့ဆုံပြီး အသင်းဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များ ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဖခင် ဦးကြည်ဟုတ်၊ မိခင် ဒေါ်တင်ရွှေတို့အားရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် ၈၀ ၂၉ လမ်းနေသား ကိုကျင်လှိုင်မိသားစု၊ သမီး မရင်ရင်နီ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင် ဆရာတော် အရှင်ကုသလ (M.A)နှင့် ဦးဝိနယ (ဝံသမေဒနီစာသင်တိုက်)ရှေ့မှောက်၌ တာဝန်ခံဒေါ်ခင်သန်းမြင့်(ပပဝင်းရွှေဆိုင်)ထံ ပေးအပ်လှူဒါန်းစဉ်။**
(က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တိုက်(က) အခန်း ၁၂ စည်ပင်ဝင်းနေ ဦးသန်းဦး-ဒေါ်သီတာ၊ သားမောင်ကောင်းသန့်ကျော်စွာ၊ မောင်ထက်အောင်လှိုင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင် ဆရာတော်ဦးကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# လိမ္မော်သီးစားခြင်းဖြင့် အသည်းရောဂါဖြစ်ပွားမှုလျော့ကျနိုင်

**လိမ္မော်သီးစားခြင်းသည် လူတို့တွင် ဖြစ်ပွားတတ်သော အသည်းကင်ဆာဖြစ်ပွားမှုကိုလျော့ကျစေနိုင်ကြောင်း၊ ထို့အပြင် အခြားရောဂါများကိုလည်း ကာကွယ်နိုင်ကြောင်း ဂျပန်သုတေသနပညာရှင်များက ပြောကြားသည်။**

ကာကွယ်နိုင်

**လိမ္မော်သီးတွင် ကယ်ရိုတင်းခေါ် ဓာတ်ပေါင်းများပါဝင်ကြောင်း၊ ဗီတာမင်အေလည်းပါဝင်ပြီး အခြားအဝါရောင်ရှိသော သစ်သီးများတွင်ပါဝင်သည့် ဓာတ်ပစ္စည်းအချို့လည်းပါဝင်ကြောင်း၊ ၎င်းဓာတ်များက လူတို့တွင် ဖြစ်ပွားတတ်သည့် ရောဂါအများအပြားကို မဖြစ်ပွားအောင်ကာကွယ်နိုင်ကြောင်း တွေ့ရှိရသည်ဟု ဂျပန်သုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။**

တားဆီးနိုင်

**လိမ္မော်သီးကိုစားသုံးခြင်း၊ လိမ္မော်ရည်စစ်စစ်ကိုသောက်သုံးခြင်းဖြင့် အသည်းကင်ဆာ၊ အသည်းကြီးခြင်းနှင့် အသည်းတွင် ဖြစ်ပွားတတ်သောရောဂါများကို ထိရောက်စွာ ကာကွယ်တားဆီးနိုင်သည်ဟုဆိုသည်။**

အသည်းရောဂါ

**လိမ္မော်သီးကို နေ့စဉ်စားသုံးသူ ၁၀၇၃ ဦးအား လေ့လာခဲ့ရာ ထိုသူများတွင် အသည်းနှင့်ပတ်သက်သည့် ရောဂါများဖြစ်ပွားမှုမတွေ့ရှိရကြောင်း၊ ထို့အတူ အသည်းရောဂါဖြစ်ပွားနေသူများအား လိမ္မော်သီးပုံမှန်စားသုံးစေခြင်းဖြင့် ရောဂါဖြစ်ပွားမှု သိသာစွာလျော့ကျသွားကြောင်း တွေ့ရှိရသည်ဟုလည်း ၎င်းတို့က ပြောကြားသည်။**

**ဆေးလိပ်နှင့် အရက်တို့ကြောင့် ဖြစ်ပွားတတ်သော အသည်းရောဂါသည်များအနေဖြင့် လိမ္မော်သီးကိုပုံမှန်စားသုံးပါက အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။** (ကိုးကား-အင်တာနက်)

**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**



# ကျိုက္ကလော့ မိုးကုတ် ဝိပဿနာတရားစခန်းပွဲ

**ရန်ကုန် စက်တင်ဘာ ၁၂**

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့စေတီတော်မြတ်ကြီးအနီးရှိ ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ ဦးစီး၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို စက်တင်ဘာ ၂၂ရက်မှစ၍ ကျင်းပသွားမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူ ယောဂီများ စက်တင်ဘာ ၂၁ရက် ညနေ ၅နာရီအရောက် လာရောက်ကြရန်နှင့် ဆွမ်း၊ အချိုပွဲ၊ အအေးလှူဒါန်းလိုသူများ ဖုန်း-၆၃၅၆၃၂ သို့ ကြိုတင်ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။
**(က-ပ)**

# ကံမမြို့နယ် ကျောင်းပေါင်းစုံ အာစရိယပွဲကျင်းပပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၁၂**

သရက်ခရိုင် ကံမမြို့နယ် ကျောင်းသား ကျောင်းသူဟောင်းများနှင့် ကံမမြို့နယ်အသင်း(ရန်ကုန်)တို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းပေါင်းစုံသက်ပြည့်အငြိမ်းစား ဆရာ ဆရာမ ၁၀၀ကျော်တို့အား အာစရိယပူဇော်ပွဲအခမ်းအနားကို ကံမ အထက မြဝတီခန်းမ၌ လာမည့် အောက်တိုဘာ ၇ ရက် (စနေနေ့) နံနက်၈နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးမှကြိုတင်ရောက်ရှိကြမည့် ဆရာ ဆရာမများအတွက် ကံမ အထကတွင် တည်းခိုစားသောက်ရေး စီစဉ်ထားရှိမည်ဖြစ်ပြီး အခမ်းအနားတွင် ကံမမြို့နယ်အသင်း(ရန်ကုန်)က ၂၀၀၅ခုနှစ်နှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်မည်ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

ပါဝင်လှူဒါန်းလိုသူများနှင့် ရန်ကုန်မှကားဖြင့် လိုက်ပါလိုသူများသည် ဦးစိုးငြိမ်း ဖုန်း-၂၄၄၇၆၀၊ ဦးအေးလွင် ဖုန်း-၅၂၆၆၃၈၊ ဦးသိန်းတန် ဖုန်း-၅၀၃၈၀၃နှင့် ဦးခင်ဇော် ဖုန်း-၅၁၇၀၇၂တို့သို့ ကြိုတင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ကျောက်ဆည် အထက(၁)အာစရိယပူဇော်ပွဲ

**ရန်ကုန် စက်တင်ဘာ ၁၂**

ကျောက်ဆည်မြို့ အထက(၁)၏ ပဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ရက်(စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း သုံးထပ်ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ မြန်မာနိုင်ငံအရပ်ရပ်တွင် ရောက်ရှိနေသော အသက်(၆၀)နှင့်အထက် အငြိမ်းစား (ကန်တော့ခံ)ဆရာ ဆရာမဟောင်းများနှင့် တပည့်ဟောင်းများသည် အခမ်းအနားသို့ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးဇော်လင်းအောင် ဖုန်း-၀၉-၂၀၀၇၀၉၆၊ ဦးဝင်းကျော်ဦး ဖုန်း- ၀၉-၂၀၀၉၉၀၅၊ ဒေါ်ခင်မျိုးသန့် ဖုန်း-၀၁-၆၆၄၆၂၈နှင့် ကျောက်ဆည်မြို့နယ်အသင်း(ရန်ကုန်မြို့)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

● **ကျောဖုံးမှ**

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

**လက်ဆောင်ပေးအပ်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ်ပေးအပ်သည်။

**ပို့ဆောင်နှုတ်ဆက်**

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin နှင့် ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် မန္တလေးမြို့သို့ ထွက်ခွာသွားကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ်ပေးအပ်စဉ်။ (သတင်းစဉ်)

## အမှာစကားပြောကြား

**သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အစည်းအဝေး (၄/၂၀၀၆)တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမှာစကားပြောကြားစဉ်။**

(သစ်တောရေးရာ)

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအစည်းအဝေးကျင်းပ လုပ်ငန်းဆောင်ရွက်ထားရှိမှုများဆွေးနွေး၊ ရှေ့လုပ်ငန်းစဉ်များချမှတ်

နေပြည်တော် စက်တင်ဘာ ၁၂

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၄/၂၀၀၆)ကို နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီကကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။**





**တက်ရောက်**

အစည်းအဝေးသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် အထူးလုပ်ငန်းအဖွဲ့များမှခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ နိုင်ငံတော်မှဖွဲ့စည်းပေးထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတွင်ပါဝင်သော ဒုတိယဝန်ကြီးခုနစ်ဦးအား အထူးအဖွဲ့များဖွဲ့စည်း၍ တိုင်းနှင့်ပြည်နယ်အလိုက် တာဝန်ပေးထားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြသည်။

**ဆွေးနွေးတင်ပြ**

အဆိုပါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် အထူးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများက လုပ်ငန်းဆောင်ရွက် ထားရှိမှုများကို ဆွေးနွေးတင်ပြကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကြသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ်လှေ့ကျင့်ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၂

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ် လေ့ကျင့်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း၊ ခရိုင်၊မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစိုးမြတ်ထွန်းက ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ မှာကြားချက်ကို ဖတ်ကြားတင်ပြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

**လေ့ကျင့်ဆွေးနွေး**

အခမ်းအနားအပြီးတွင် ကျန်းမာရေးဦးစီးဌာန အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဦးစီးဌာနမှ အာဟာရပညာရှင်များက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အုပ်စုဖွဲ့၍ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ ဆယ်ကျော်သက် အမျိုးသမီးလေးများနှင့် ကလေးငယ်များအတွက် မိမိတို့ဒေသအတွင်း အလွယ်တကူရရှိနိုင်သည့် အာဟာရပြည့်ဝသော အစားအစာများ ရွေးချယ်ရေး၊ အစားအစာ ချက်ပြုတ်ရာတွင် အာဟာရဓာတ်မပျက်စေဘဲ သန့်ရှင်းစွာချက်ပြုတ်ပြင်ဆင်သည့် နည်းလမ်းများကို မိမိတို့ ရပ်ရွာဒေသအတွင်းရှိ အိမ်ရှင်မများအား သင်ကြားပေးတတ်စေရေး၊ မိမိတို့ရပ်ရွာဒေသအတွင်းရှိ အမျိုးသမီးများအား နေရာဒေသ၊ လူမှုရေးအခြေအနေနှင့် လိုက်လျောညီထွေသော အာဟာရပညာဆွေးနွေးပညာပေးခြင်းများ ပြုလုပ်တတ်စေရန်နှင့် အမျိုးသမီးများ လိုက်နာကျင့်သုံးနိုင်စေရေးတို့ကို လေ့ကျင့်ဆွေးနွေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**





**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ် လေ့ကျင့်ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သည့်အဖွဲ့အား ဂုဏ်ပြုညစာ တည်ခင်း

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin နှင့် ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၁၁ ရက် ညပိုင်းက နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံကြသည်။

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E Mr.Suphot Dhirakaosal၊ စစ်သံမှူး Colonel, Prissapa Suvanatat နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဧည့်ခံဖျော်ဖြေ**

ဂုဏ်ပြုညစာစားပွဲ၌ ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ် အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက တေးသံသာ များဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ **(သတင်းစဉ်)**





## ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံ

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီး ဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။**

(သတင်းစဉ်)

# အင်းစိန်မြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပိုက်ထုတ်လုပ်ရေးစက်ရုံ အချင်းလက်မ ၆၀နှင့် ၆၆ လက်မရှိ ကြိုတင်အားဖြည့်ကွန်ကရစ်ရေပိုက်များ ထုတ်လုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် စက်တင်ဘာ ၉ ရက် နံနက် ၁၁ နာရီက အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သုခလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ ပိုက်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ရှေးဦးစွာ မြို့တော်ဝန်သည် ပိုက်ထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိ၍ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများ အလိုက် ရှင်းလင်းတင်ပြကြပြီး မြို့တော်ဝန်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် စက်ရုံ၌လိုအပ်သည့် စက်ယန္တရားကြီးများ နေရာချထားရန် အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ပြီးစီးမှု၊ ထုတ်လုပ်လျက်ရှိသည့် အချင်း ၃၆ လက်မ၊ ၂၄ လက်မနှင့် ၁၆ လက်မရှိ ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်များ ထုတ်လုပ်နေမှုအခြေအနေများ၊ အချင်းလက်မ ၆၀ နှင့် ၆၆ လက်မရှိ ကြိုတင် အားဖြည့်ကွန်ကရစ်ရေပိုက်ကြီးများထုတ်လုပ်မည့် မိုပုံစံကြီးများအခြေအနေနှင့် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(ယာပုံ) (သတင်းစဉ်)**



# နိုင်ငံတော်၏ တိုင်းပြုပြည်ပြု သမိုင်းမှတ်တိုင်များ (၅)

ယနေ့ မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးရေး၊ ကုန်သွယ်မှုဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှု အဆင့်မြှင့်တင်ရေး စသည်ဖြင့် တိုင်းရေးပြည်ရာ ကဏ္ဍအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် အလေးပေးဆောင်ရွက်လျက်ရှိသည်နှင့်အမျှ ခေတ်သစ်စနစ်သစ်အတွက် နိုင်ငံရေး အခြေခံကောင်း၊ စီးပွားရေး အခြေခံကောင်း၊ လမ်းပန်းဆက်သွယ်မှု အခြေခံကောင်း စသည့် လူမှုစီးပွားရေးဘဝ အခြေခံကောင်းများသည် သဘာဝပတ်ဝန်းကျင် အခြေခံကောင်းနှင့်ယှဉ်တွဲ၍ မှတ်တမ်းဝင် တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။ နောင်လာနောက်သားများအတွက် သမိုင်းအမွေခံကောင်းကို လက်ဆင့်ကမ်းပေးနိုင်သည်အထိ သမိုင်းပေးအစိုးရက ကြိုးပမ်းဖော်ဆောင်ပေးနေခြင်း ဖြစ်ပေသည်။

နိုင်ငံတော်ကြီးကို တိုးတက်ဖွံ့ဖြိုးမှုလမ်းကြောင်းမှန်ပေါ် ခိုင်မာစွာရောက်ရှိရေးအတွက် ခေတ်စနစ် ပြောင်းလဲတည်ဆောက်နေရသည့် သမိုင်းပေးဖြစ်စဉ်ကို နားလည်သဘောပေါက်မှလည်း ဦးစီးဦးဆောင်ပြုနေသည့် ခေါင်းဆောင်ပိုင်း၏ စေတနာအစစ်အမှန်ကိုလည်းကောင်း၊ မြော်မြင်တွေးဆ လုပ်ကိုင်နေရမှုများကိုလည်းကောင်း မှန်မှန်ကန်ကန် နားလည်နိုင်ကြမှာဖြစ်သည်။ မိမိတို့၌ရှိသည့် အရင်းအနှီးကို မိမိတို့လူမျိုးများ၏ ထက်မြက်သော အတတ်ပညာ၊ စွမ်းရည်ရှိသော လုပ်အားတို့ဖြင့် ပေါင်းစပ်အခြေပြု၍ နိုင်ငံတော်ကို ကြိုးစားပမ်းစား တည်ဆောက်နေရခြင်းဖြစ်ရာ မိမိတို့အားလုံး၏ တည်ဆောက်ဖန်တီးမှုများကို သာမန်သဘောဖြင့် ရှုမြင်တန်ဖိုးထားနေ၍မဖြစ်ဘဲ ရင်ထဲအသည်းထဲမှ မြတ်နိုးတန်ဖိုးထားတတ်ကြရန် အရေးကြီးသည်။ အနာဂတ်တွင်လည်း တည်ဆောက်ဖန်တီးမှုများကို ဆက်လက် ဖော်ဆောင်ရမည်ဖြစ်ရာ နိုင်ငံသားတိုင်း အတတ်ပညာ ကျွမ်းကျင်ထက်မြက်နေရန် လိုအပ်သလို တိုင်းပြည်ချစ်စိတ်၊ အမျိုးချစ်စိတ်ရှိရန်လည်း လိုအပ်သည်။

နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းတည်ဆောက်ရာ၌ အရည်အချင်း အဆင့်အတန်းမီသည့်အတတ်ပညာရှင်၊ အသိပညာရှင်စသည့် ပညာတတ်များ များစွာ လိုအပ်သည်။ သေစာ၊ ရှင်စာတတ်ရုံမျှဖြင့် သိမ်မွေ့ရှုပ်ထွေးများပြောင်လှသော နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပိုင်ပိုင်နိုင်နိုင် လုပ်ကိုင်နိုင်ရန် ခဲယဉ်းလှသည်။ ပညာရှင်များ ပညာတတ်များကို အခြေခံ၍သာ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရေရှည်ခိုင်မြဲအောင် ဖော်ဆောင်သွားနိုင်မှာ ဖြစ်သည်။ ထို့ပြင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်နေရန် လိုအပ်သည်။ ကျန်းမာရေး မပြည့်စုံလျှင် နိုင်ငံတော်က အားထားရသော လူ့စွမ်းအား အရင်းအမြစ် ဖြစ်လာမှာ မဟုတ်သည်မှာ သေချာသည်။ Educated Nation., Healthy nation ဖြစ်ရန် အရေးကြီးသဖြင့် ပညာရေးနှင့် ကျန်းမာရေးကို ဒွန်တွဲ တည်ဆောက်သွားရမည် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက–

**"နိုင်ငံတော်၌ ပညာရေးပြည့်စုံအောင်၊ ကျန်းမာရေး ပြည့်စုံအောင်၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟချက် လျော့နည်းကျဆင်းလာအောင် ဖွံ့ဖြိုးရေးဒေသ ၂၄ခု သတ်မှတ်၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း"**

**"ဖွံ့ဖြိုးရေးဒေသ ၂၄ခုနှင့် ဆက်စပ်အကျုံးဝင်သည့် ဖွံ့ဖြိုးရေး စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတို့ကို နယ်မြေဒေသအလိုက် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် အရေးကြီး ကြောင်း"**

ဖြင့် လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသ ၂၄ခု ပေါ်ထွက်လာပြီး ယင်းဒေသအသီးသီး၌ လိုအပ်သော တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ထူထောင်၍ ဒေသအလိုက် အဆင့်မြင့်ပညာကို လက်လှမ်းမီ သင်ကြားနိုင်သည့် အခွင့်အလမ်းများကို ဆန်းသစ်ဖော်ထုတ်လိုက်နိုင်သည်နှင့်အမျှ မြို့ကြီးပြကြီးများ၌သာ အဆင့်မြင့်ပညာ သွားရောက်သင်ကြားရသည့် ပညာရေး၏ အစဉ်အလာ ဓလေ့ဟောင်းသည် ဆုံးခန်းတိုင်သွားသည်။

**ဦးခော်**

အဆင့်မြင့်ပညာများကို ရန်ကုန်၊ မန္တလေးနှင့် ပြည်နယ်/တိုင်း မြို့ကြီးအချို့၌သာမက ပြည်ထောင်စုကြီး၏ အချက်အချာကျသော ဒေသများဖြစ်သည့် ဗန်းမော်၊ လားရှိုး၊ ကျိုင်းတုံ၊ ပင်လုံ၊ လွိုင်ကော်၊ မြိတ်၊ မုံရွာ၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကလေးစသည့်မြို့များ၌ပါ တိုးချဲ့သင်ယူနိုင်ကြပြီဖြစ်သည်။ ဝိဇ္ဇာပညာ၊ သိပ္ပံပညာ၊ နည်းပညာ၊ ကွန်ပျူတာပညာတို့သည် မြို့ကြီးပြကြီးများမှသည် စာသင်သားများရှိရာဒေသများသို့ ကွင်းဆင်းရောက်ရှိနေကြပြီဖြစ်သည်။ တက္ကသိုလ်၊ ကောလိပ်များနှင့် ပြည်သူများ နီးကပ်စွာ ဆက်စပ်သွားသည်။ ဒေသအလိုက် ပညာတတ်အရင်းအမြစ် များစွာ ထွက်ပေါ်လာသည်။ အရေအတွက်များပြားလာသော ပညာတတ်များကိုလည်း အရည်အချင်း၊ အရည်အသွေး မြင့်မားအောင် စီမံပျိုးထောင်ရသည်။

ဖွံ့ဖြိုးရေးဒေသအသီးသီး၌ ပြည်သူများကို ကျန်းမာရေးအရ စောင့်ရှောက်နိုင်အောင်၊ ပြည်သူအများသက်တမ်းစေ့ကျန်းကျန်းမာမာ နေနိုင်အောင် အဆင့်မြင့်ဆေးရုံကြီးများကို ထူထောင်ပေးသည်။ ပညာပေးမှု၊ ရောဂါကာကွယ်မှု၊ ရောဂါကုသမှု စသည့် ပြည်သူ့ကျန်းမာရေး အပိုင်း(၃)ပိုင်းစလုံးကို ဟန်ချက်ညီညီ လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းအားပေးသည်။

ဤသို့ဖြင့် ပြည်ထောင်စုကြီး၏ အချက်အချာဒေသ ၂၄ခုသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဒေသများအဖြစ် အပြိုင်းအရိုင်းပေါ်လွင်ထင်ရှားလာသည်။

ဤဒေသဆိုင်ရာဖွံ့ဖြိုးရေး စီမံကိန်းသည်လည်း နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအမံနှင့်လည်းကောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအထူးစီမံကိန်းနှင့်လည်းကောင်း အချိတ်အဆက်မိလာသည်။ စီမံကိန်းတစ်ခုနှင့်တစ်ခု အပြန်အလှန်အထောက်အကူပြုပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် ကွက်ပြည့်ဖွံ့ဖြိုးလာအောင်၊ ခိုင်မာတောင့်တင်းလာအောင် အရှိန်အဟုန်ရှိရှိ အကျိုးပြုနေပြီဖြစ်သည်။

ပြည်သူအများစုကြီး နေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကိုယ့်ခွန်ကိုယ့်အားအပေါ် အခြေခံသည့် ကိုယ်ပိုင်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်သည်လည်းကောင်း၊ ခေတ်အဆက်ဆက် အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျကျန်ရစ်ခဲ့ရသည့် တိုင်းရင်းသားညီအစ်ကိုများနှင့် နယ်စပ်ဒေသများ မြန်မြန်ဖွံ့ဖြိုးရေးအတွက် ချမှတ်ထားသည့် အထူးဖွံ့ဖြိုးရေး စီမံကိန်းသည်လည်းကောင်း၊ အများကောင်းကျိုးကို ဆောင်ရွက်ခြင်း၊ အများပြည်သူ၏ဆင်းရဲမှု၊မပြည့်စုံမှုတို့ကို ဖြေရှင်းပေးခြင်းဖြစ်၍ နတ်လူ သာဓုခေါ်ဆိုရမည့် စီမံကိန်းကြီးများဖြစ်သည်။ ထို့အပြင် မိမိတိုင်းပြည်၏ ပကတိအခြေအနေနှင့် ကိုက်ညီပြီး နိုင်ငံရေးအရ၊ စီးပွားရေးအရ အမှန်တကယ် ဦးစားပေးရွေးချယ် အကောင်အထည်ဖော်သင့်သော စီမံကိန်းများလည်း ဖြစ်သည်။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသ တစ်ခုနှင့်တစ်ခုအကြား စီးပွားရေးအရ၊ ပညာရေးအရ၊ ကျန်းမာရေးအရ၊ လမ်းပန်းဆက်သွယ်မှုအရ ဆူကြဲနိမ့်မြင့်ကွာဟချက်များ လျော့နည်းကျဆင်းပြီး ဒေသအားလုံး မျှမျှတတ ဟန်ချက်ညီညီတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ပိုင်မှု၊ကိုယ်ပိုင်ဟန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသော နိုင်ငံတော်၏ ဖွံ့ဖြိုးရေးစီမံကိန်း သုံးမျိုးစလုံးကို အဆက်အစပ်ရှိရှိ အကောင်အထည်ဖော်နိုင်ခြင်းသည် ဒို့တာဝန်အရေးသုံးပါးကို ထမ်းဆောင်နေခြင်းလည်း ဖြစ်သည်။ ဦးစီးခေါင်းဆောင်က အချိန်အခါ အခြေအနေအပေါ်မှီ၍ အမြော်အမြင်ရှိရှိ တီထွင်ကြံဆ ချမှတ်ပေးလိုက်သော မူဝါဒများကိုအဆင့်ဆင့်သော ခေါင်းဆောင်များနှင့်အောက်ခြေအဖွဲ့အစည်းအားလုံးက တက်တက်ကြွကြွ ညီညီညွတ်ညွတ် အကောင်အထည်ဖော်နေခြင်းသည် ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအလားအလာကို အာမခံနေခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့၏ အနာဂတ်ကို အာမခံခြင်းလည်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

အပြောမဟုတ်ဘဲ လက်တွေ့ကျကျ နိုင်ငံတော်နှင့်ပြည်သူအများ၏ အနာဂတ်ကောင်းစားရေးကို ရေးရှုသည့် ဤသို့သော မွန်မြတ်မှန်ကန်သည့် လုပ်ရပ်များကိုသာ သမိုင်းမှတ်တိုင်များအဖြစ် ထိုက်ထိုက်တန်တန် မှတ်တမ်းပြုရမှာ ဖြစ်သည်။

သမိုင်းမှတ်တိုင်များအဖြစ် တစ်ခုပြီးတစ်ခုမှတ်တမ်းပြုတင်ပြခဲ့သည့် ကိစ္စရပ်များကို ပြန်လည်ခြုံငုံသုံးသပ်လိုက်လျှင် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားနှင့် တစ်သားတည်း ဆက်စပ်နေသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့အရ နိုင်ငံတော်၏ တိုင်းပြုပြည်ပြုဆောင်ရွက်ချက်များကို ယေဘုယျသုံးသပ်တင်ပြခြင်းသာ ဖြစ်သည်။ ယင်းယေဘုယျ ဖြစ်စဉ်ဖြစ်ရပ် တစ်ခုချင်းအတွင်း၌ပင် မှတ်တမ်းဝင်သည့် ဝိသေသဖြစ်စဉ်ပေါင်းများစွာ ကျန်ရှိနေသေးသည်မှာ အမှန်ဖြစ်သည်။ ဥပမာအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်၌ အကျုံးဝင်သည့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းစဉ်မျိုး ဖြစ်သည်။ သမိုင်းပေးအစိုးရသည် သမိုင်းပေးတာဝန်အရ သမိုင်းတွင်ရစ်မည့် နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းများကို တစ်ခုပြီးတစ်ခု ပြီးမြောက်အောင်မြင်အောင် ကြိုးပမ်းဖော်ဆောင်သွားဦးမည်ဖြစ်၍ သမိုင်းမှတ်တမ်း ပြုရမည့်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေရမှာ သေချာသည်။

တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ခိုင်မာသည့်အခြေခံများ ရရှိလာသည်နှင့်အမျှ ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းသည့် နိုင်ငံရေး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက် အကောင်အထည်ဖော်သွားရန် ချမှတ်ကြေညာထားပြီးဖြစ်သည်။ ဤသည်မှာ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် မှတ်တမ်းပြုရမည့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် ခုနစ်ရပ်ဖြစ်သည်။ ယင်းမူဝါဒလမ်းစဉ် ခုနစ်ရပ်သည် နိုင်ငံတော်ကို ဒီမိုကရေစီ နိုင်ငံတော်အဖြစ် ညင်သာချောမွေ့စွာ အသွင်ကူးပြောင်းနိုင်မည့် နိုင်ငံတော်၏ ကိုယ်ပိုင်နိုင်ငံရေး လုပ်ငန်းအစီအစဉ်ဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

ထို့ပြင် နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက် လေးရပ်အနက် တတိယနှင့် စတုတ္ထဦးတည်ချက်များကို ပြီးမြောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်စေရန်အတွက် သမိုင်းပေးအစိုးရအနေဖြင့် ပြည်သူတို့နှင့် လက်တွဲ၍ လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်သွားမည့် မှန်ကန်သော လုပ်ငန်းစဉ်အဆင့်ဆင့်ဖြစ်ကြောင်းကိုလည်း ရှင်းလင်းစွာ နားလည်အပ်ပေသည်။

**တိုင်းရင်းသားသွေးချင်းတို့၏ သားသမီးများ အဆင့်မြင့်ပညာများကို လက်လှမ်းတမီ သင်ယူနိုင်လျက်ရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်ရှိ ပင်လုံတက္ကသိုလ်ကို ဤသို့တွေ့ရသည်။**



ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာ၌ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပုံစံတူမဖြစ်နိုင်သကဲ့သို့ ဒီမိုကရေစီကို ကျင့်သုံးရာ၌လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားခြားနားကြမှာ ဖြစ်သည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ သမိုင်းအစဉ်အလာ ဓလေ့စရိုက်နှင့် ယဉ်ကျေးမှုတို့၌ ကွဲပြားခြားနားမှုရှိနေကြပြီးဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်အောင် တည်ဆောက်ရာမှာရော ကျင့်သုံးအကောင်အထည်ဖော်ရာ၌ပါ မိမိလူမျိုး၊ မိမိ နိုင်ငံ၏ ကိုယ်ပိုင်ဟန်ပန်၊ ကိုယ်ပိုင်ပုံစံဖြင့်သာ အံဝင်ခွင်ကျဖြစ်မှာ သေချာသည်။

နိုင်ငံတော်အကြီးအကဲက –

**"လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကိုအကြောင်းပြု၍ နိုင်ငံကြီးအချို့က နိုင်ငံငယ်များကို ဩဇာလွှမ်းမိုးရန် ကြိုးစားနေကြောင်း၊ အရှေ့တိုင်းယဉ်ကျေးမှုနှင့် အနောက်တိုင်းယဉ်ကျေးမှုသည် မည်သို့မျှ မတူညီနိုင်သဖြင့် ကျင့်သုံးဆောင်ရွက်မှုပုံစံလည်း မတူညီနိုင်ကြောင်း"**

**"ယင်းသို့သော အခြေအနေ၌ မိမိတို့အနေဖြင့် အစစအရာရာ ကိုယ်ခံအားကောင်းအောင်၊ တိုင်းပြည်အားရှိအောင် ကြိုးစားရမှာဖြစ်ကြောင်း"**

**"မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ဓလေ့စရိုက်အရ မိမိတို့နှင့် ကိုက်ညီသည့် လူ့အခွင့်အရေးစံနှုန်းများနှင့် ဒီမိုကရေစီ လမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်ရန် ဖြစ်ကြောင်း"**

ဖြင့် လမ်းညွှန်ပြီးလည်းဖြစ်သည်။

ဤသို့ဖြင့် နိုင်ငံတော်၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းအစီအစဉ်သည်လည်းကောင်း၊ ယင်းအစီအစဉ်အရ ဒီမိုကရေစီ နိုင်ငံတော်သစ်အတွက် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ဖြစ်ပေါ်ရေးသို့ ဦးတည်ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသည် လည်းကောင်း မှန်ကန်သော အမျိုးသားနိုင်ငံရေးလမ်းကြောင်းနှင့် ဂုဏ်သိက္ခာရှိသော အမျိုးသားနိုင်ငံရေး စင်မြင့်ဖြစ်သည်ဟု ခံယူအပ်သည့် အမျိုးသားရေးမှတ်တိုင်များဖြစ်ကြောင်း ထပ်လောင်းတင်ပြရမည် ဖြစ်ပေသည်။ ။

## ဇီဝဒီဇယ်အကြောင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဦးသိန်းလွင် ဦးဆောင်ညွှန်ကြားရေးမှူး(Joint Com Educational Centre)မှ ဇီဝဒီဇယ်(Biodiesel)အကြောင်း ဟောပြောပွဲကို စက်တင်ဘာ၁၆ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ မဂဓ တက္ကသိုလ်အနီးတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူနိုင်ရန် မကြာမီ ဆောက်လုပ်မည့် သုံးထပ်ဆောင် ကျောင်းတော်ကြီးအတွက် အမှတ် ၉ နံ့သာလမ်း အလုံမြို့နယ်နေ ကွယ်လွန်သူမိဘများအား ရည်စူး၍ ဦးစိန်လှိုင်-ဒေါ်ကြည်ကြည်ဝင်းမိသားစုတို့က အလှူငွေကျပ်နှစ်သိန်းကို အရှင်ရေဝတ (မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၊ စာချ-နာယက) ထံဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## အနုပညာကြွေးကြော်သံ

'အဆို'မှာ 'တေးကွက်'
'လေး'ချက်က'အက'
ရသနဲ့အလင်္ကာ
'ရေး'သားကာသီကုံး
'တီး'လုံးက စည်းဝါးနဲ့ထံတျာ
မြန်မာရိုးရာယဉ်ကျေးမှု
အစဉ်အလေးပြုလို့ တန်ဖိုးထား
ဒို့ဘိုးဘွားအမွေအနှစ်
အခြေအမြစ်က အမျိုးမာန်
'အဖိုးတန်'တဲ့ 'ပြိုင်ပွဲ'
အပြိုင်နွှဲဖို့ကြိုးစား
တိုင်းရင်းသားအမျိုးချစ်တို့
ဒို့ချစ်တဲ့ 'အနုပညာ'
အရိုးပေါ်မှာတစ်သက်လုံး
ဘယ်တော့မှ အရွက်မဖုံးစေရ။ ။

**[(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဂုဏ်ပြုလျက်.... ]**

**သုဓာနွယ် (ဖျာပုံ)**

## စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ထူးချွန်စွာအောင်မြင်ကြသူများအား ဆုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၁၂**

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက်၁၁နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဆုရကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏ မိဘဝန်ထမ်းများ တက်ရောက်ကြသည်။

**ဂုဏ်ပြုဆုချီးမြှင့်**

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင်လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင်၁၇ဦးနှင့် လေးဘာသာဂုဏ်ထူးရှင်၂၃ဦးတို့အား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

**ကျေးဇူးတင်စကားပြောကြား**

ဆက်လက်၍ ဗဟိုဝန်ထမ်း တက္ကသိုလ်၌ ဖွင့်လှစ်သော သင်တန်းများတွင် သင်တန်းသားစံပြဆု၊ စစ်ရေးပြ ထူးချွန်ဆုနှင့် သင်တန်းသား ပထမဆုရရှိသော ဝန်ထမ်းခုနစ်ဦးအား ဝန်ကြီးက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မယဉ်မင်းသက်က ကျေးဇူးတင်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**




## မြန်မာ-အိန္ဒိယနယ်စပ်နယ်ဘက် အာဏာပိုင်များ၏ အစည်းအဝေးတက်ရန် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေခေါင်းဆောင်သောအဖွဲ့ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၂**

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ယနေ့မှ စက်တင်ဘာ ၁၆ရက်အထိ ကျင်းပမည့် မြန်မာ-အိန္ဒိယ နယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၂)ကြိမ်မြောက် နိုင်ငံတော်အဆင့်အစည်းအဝေးသို့ တက်ရောက်ရန် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအောင်စောဝင်း၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဇော်ထွန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ဖြစ်ကြသော ဦးကျင်လင်း၊ ဦးတင်ထွတ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးကျော်တင်တို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

## ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် ဟောပြောပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၂**

ကြည့်မြင်တိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက အလက(၄)ကြည့်မြင်တိုင်၌ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ကက်ဆက်နှင့် ရေဒီယို၊ စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေ၊ အလက(၄)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လဲ့လဲ့ဝင်း၊ ကြည့်မြင်တိုင် ပြန်/ဆက်မှ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုလတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ရည်ရွယ်ချက်**

အခမ်းအနားတွင် အလက(၄)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လဲ့လဲ့ဝင်းက သြဝါဒစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုလတ်က နယ်လှည့်စာကြည့်တိုက် ဖွင့်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် အလက(၄)မှ ကျောင်းအုပ်ဆရာမကြီးဒေါ်လဲ့လဲ့ဝင်းက ကက်ဆက်တစ်လုံးနှင့် ရေဒီယိုတစ်လုံး၊ ဒေါ်တင်အုန်း (၈၃) စကားဝါပင်လမ်း ကြည့်မြင်တိုင်မြို့နယ်က ရေဒီယိုတစ်လုံးနှင့် အလှူရှင်များမှလှူဒါန်းသော မဂ္ဂဇင်း၊ စာစောင်၊ ဂျာနယ်များကို ကြည့်မြင်တိုင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုလတ်က လက်ခံရယူသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများမှ ပုဂ္ဂိုလ်များ၊ အလှူရှင်များ၊ ကျောင်းသားကျောင်းသူများအင်အား၈၃ဦးခန့်တက်ရောက်ကြသည်။

**(မြို့နယ်ပြန်/ဆက်)**

စက်တင်ဘာ ၁၀ ရက်က သာကေတမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေးနှင့် အိုင်အိုဒင်းဆားထောက်ပံ့ခြင်း၊ ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေ ဆေးတိုက်ကျွေးမှု၊ အမှတ် ၉ ရပ်ကွက်ရှိ နာတာရှည် ဝေဒနာရှင်ခြောက်ဦးတို့အား ထောက်ပံ့ငွေနှင့်အာဟာရစားဖွယ်များ ထောက်ပံ့ပေးမှုကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်နန်းရွှေယဉ်နှင့် အဖွဲ့ဝင်များ ကြီးကြပ်ပေးစဉ်။ (က-ပ)



## အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အသင်းဝင်များ တွေ့ဆုံသည့်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း(MWE˚A)၏ အသင်းဝင်များ တွေ့ဆုံသည့်နေ့အခမ်းအနားကို စက်တင်ဘာ ၃ရက် နံနက် ၁၀နာရီက ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းရုံး၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ အသင်းဝင်ဒေါ်ပွင့်ဖြူ အိနှင့် ဒေါ်ယဉ်လဲ့ဝင်းတို့က ထိုင်းနိုင်ငံ Mekong Institute,Khon Kaen University၌ Research Methodology and Proposal Writtingသင်တန်းတက်ရောက်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Myanmar Business Coalitian an AIDS မှ ဒေါက်တာခင်အေးအေးက လူသားအရင်းအမြစ်နှင့် HIV အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ ၂၀၀၆ခုနှစ် ဩဂုတ် ၆ ရက်က ထိုင်းနိုင်ငံတွင် ကျင်းပသည့် Asia Cross Country Rally ဖိတ်ခေါ် ခရီးကြမ်းကားမောင်းပြိုင်ပွဲတွင် 1st Ladies Award˚ဆုရရှိခဲ့သည့် အသင်းအလုပ်အမှုဆောင်ဒေါ်မြသောင်းဝေက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ သီရိသုဓမ္မသင်္ဂဟလူမှုထူးချွန်ပထမဆင့် ဒေါ်ခင်မြင့်မြင့်က အသင်းဝင်အသစ်နှင့် အသင်းဝင်များအား နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် ဆုရရှိခဲ့သည့် အလုပ်အမှုဆောင်ဒေါ်မြသောင်းဝေအား ဂုဏ်ပြုဆုပေးအပ်ပွဲကျင်းပရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်း(MWEA)က ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း၊ အသင်းဥက္ကဋ္ဌ သီရိသုဓမ္မသင်္ဂဟလူမှုထူးချွန်ပထမဆင့် ဒေါ်ခင်မြင့်မြင့်က ငွေကျပ်တစ်သိန်း၊ အသင်းအလုပ်အမှုဆောင်များက ငွေကျပ်တစ်သိန်း၊ ဒေါ်ချိုချိုလွင်(စိန် ရတနာရွှေဆိုင်)က ငွေကျပ်၁၀သိန်းတန်ဖိုးရှိ ရတနာလက်ဆောင်၊ ဒေါ်အေးအေးမူ (ဘုန်းဟန်ကျော်ရတနာရွှေဆိုင်)က ရွှေတစ်ကျပ်သား၊ ဒေါ်အေးအေးညွှန့်(KSS Co., Ltd.) က ငွေကျပ်တစ်သိန်း၊ မလေးရှားလေ့လာရေးခရီးသွားရောက်ခဲ့သည့် အသင်းဝင်များက ငွေကျပ်တစ်သိန်း၊ ဒေါ်အေးအေးသန်း(အောင်နဒီ General Service˚Co.,)က FEC˚၁၀၀၊ဆောက်လုပ်ရေးလုပ်ငန်းအုပ်စုမှငွေကျပ်ငါးသောင်း၊ ဒေါ်ချောစုမြတ်က ငွေကျပ်သုံးသောင်း၊ ဒေါ်မာလာ (တော်ဝင်နှင်းဆီကုမ္ပဏီလီမိတက်)က ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

# တောင်တန်းသာသနာပြု ရန်ပုံငွေအတွက် အလှူငွေများပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၂

**တောင်တန်းသာသနာပြု ရန်ပုံငွေအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ ကျင်းပသည်။**



**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ မြောက်မင်စီ သာသနာပြုကျောင်း ထေရဝါဒ တရုတ်ဘုန်းကြီး မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသုဘန (စူ စန်းလီ)ကိုယ်စား ဆရာတော်၏ တပည့်ဒါယကာ ဦးဟန်လင်းက ငွေကျပ် သိန်း ၁၀၀၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် တိုက် ၂၀၀ အခန်း(၆၀၁)(၃၅)လမ်းနေ ဦးထွန်းရှိန်က ချင်းတောင်တန်းဒေသတွင် သံဃာအပါး ၁၀၀၀ ရှင်ပြုရဟန်းခံရန်အတွက် ငွေကျပ်သိန်း ၂၅၀၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်ရွှေစင်က ငွေကျပ်သုံးသိန်း၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် (၁)ရပ်ကွက် အမှတ်(၈၀–ဂျီ/၁)၊ ကမ္ဘောဇ လမ်းသွယ် (၂) ရွှေတောင်ကြားနေ ဦးကိုကိုအေးက ငွေကျပ် ၂၅သိန်း၊ ရန်ကုန်မြို့ တာမွေမြို့နယ်အမှတ်(၁၁–အေ) ဦးထွန်းမြတ်လမ်းနေ သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာမိုးတင်က ငွေကျပ် ၁၅သိန်း၊ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်(၂၀)ရပ်ကွက် အမှတ်(၂၀၇) မြင်စိုင်းလမ်းနေ သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်က ငွေကျပ် ၁၁၀၀၀၀၀၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၂၀၀) ပထမထပ် ပန်းဆိုးတန်း အလယ်ဘလောက်နေ ဦးစိုးမြင့်အောင်က ငွေကျပ် ၁၁၀၀၀၀၀ ၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း အမှတ်(၁၀၆/၁၀၈)နေသီရိသုဓမ္မ သိင်္ဂီ ဒေါ်ခင်မြင့်မြင့်က ငွေကျပ် ၁၁၀၀၀၀၀ တို့ကိုပေးအပ်လှူဒါန်းကြရာသာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က လက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တိုက်(၄၉/၅၃) အုတ်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်နေ သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်း–ဒေါ်ယဉ်ယဉ်နု(မြတ်မွန်ရတနာသက်န်းတိုက်နှင့် ရွှေဆိုင်)က ငွေကျပ် တစ်သိန်း တစ်ထောင်၊ ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၄) ကမ်းနားလမ်း ဆင်မင်းရပ်ကွက်နေ သီဟသုဓမ္မသိင်္ဂီ ဒေါ်ငွေးညွန့်၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် အမှတ်(၉၈) ကမ္ဘာအေးစေတီလမ်းနေ သီဟသုဓမ္မ သိင်္ဂီ ဒေါ်ခင်သန်းမြင့်၊ ရန်ကုန်မြို့ ဒေါပုံမြို့နယ်(P-9)ငွေယမုံရိပ်မွန်နေဦးသက်ဇော်–ဒေါ်ထားထားနွယ်၊ ရန်ကုန်မြို့နေ ဦးတင်စိန်–ဒေါ်ကြင်သိန်း မိသားစု၊ ရန်ကုန်တိုင်း ခရမ်းမြို့နယ် (၄)ရပ်ကွက် အမှတ်(၇၉) ဗုဒ္ဓဟူးလမ်းနေ ဦးသိန်းဝင်း–ဒေါက်တာရီရီနွယ် (ရွှေဝတ်ရည်စက္ကူစက်)၊ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရတနာကျွန်းရိပ်သာ အမှတ်(၆၅) ကျောက်စိမ်းပတ်လမ်းနေ ဦးသိုက်ထွန်း–ဒေါ်နွဲ့နွဲ့ကြည် မိသားစု၊ ဦးမျိုးဆွေ–ဒေါ်မြရှင် မိသားစုတို့က ငွေကျပ် တစ်သိန်းစီ၊ ဗန္ဓုလဦးရွှေက FEC ၅၀၀၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးမောင်မောင် (Asia Express) မိသားစုက ငွေကျပ် ခြောက်သိန်း၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းနေ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်–သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေက ငွေကျပ် ငါးသိန်း၊ ရန်ကုန်မြို့ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ ရပ်ကွက်နေ သီရိသုဓမ္မမဏိဇောတဓရ ဦးညွန့်ငွေး–ဒေါ်နီလာရွှေ (ကြာငါးခိုင် သက်န်းတိုက်)က ငွေကျပ် ငါးသိန်း၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်အမှတ်(၁၄)ဌာနာလမ်းနေ သီဟသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းရီက ငွေကျပ် ငါးသိန်း၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနေ သီရိသုဓမ္မ မဏိဇောတဓရ ဦးဉာဏ်လွင်(ရွှေဘုရင်သမားတော်ကြီး)၊ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်(၁) ရပ်ကွက် အမှတ်(၂၇) အင်းစိန်လမ်းနေ ဒေါ်ရင်ရင်စိုး၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီရိပ်သာနေ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဗိုလ်မှူးကြီးစောမြင့် (ငြိမ်း)–ဇနီး ဒေါ်တင်တင်မြင့်၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နန်းမွန် မိသားစုတို့က ငွေကျပ် သုံးသိန်းစီ၊ သီရိသုဓမ္မ မဏိဇောတဓရ ကေသီပန်ဦးလှမြင့် (ကေသီပန်တိုင်း ရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု)က ငွေကျပ် ၂၁၀၀၀၀ တန်ဖိုးရှိ ဆေးမျိုးစုံ၊ ဦးအုံ့မောင် (အကြံပေးပုဂ္ဂိုလ်)– သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်တင်ဝေမိသားစု၊ ကျောက်တံတားမြို့နယ်နေ ဦးဇော်ဝင်း–ဒေါ်ခင်ထွေး သားမောင်ဝင်းဟိန်းတို့က ငွေကျပ်တစ်သိန်းစီ၊သုဓမ္မမဏိဇောတဓရဦးစိုးရှိန်၊သီရိသုဓမ္မမဏိဇောတဓရ ဦးရွှေမြ မိသားစုတို့က ငွေကျပ် ၅၀၀၀၀စီ၊ ဦးတင်ဝင်း–ဒေါ်ခင်ကြည် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးတင်လှ –အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီဒေါ်အေးအေးကြည်မိသားစုက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**



**ဖခင်ကြီးဦးအောင်သင်းနှစ်လပြည့်အားရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၃၁)လမ်း အမှတ် (၁၅၀)နေ ကျန်ရစ်သူမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# ဓမ္မဗိမာန်တည်ဆောက်ရေး လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ စာတိုက်ကုန်းမဏ္ဍလာရာမကျောင်းတိုက်အတွင်း တည်ဆောက်မည့် မဏ္ဍလာဓမ္မဗိမာန်တည်ဆောက်ရေး စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၆ ရက်က ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ဦးဘထွန်း–ဒေါ်မကြီးစိန် မိသားစုက ငွေကျပ် တစ်သိန်း တစ်သောင်း၊ ဦးမျိုးခိုင်–ဒေါ်အေးအေးမူ မိသားစုက ငွေကျပ် တစ်သိန်း၊ ဒေါ်စိန်သာဖြူ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးထွန်းငွေ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကျော်သောင်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးသက်ရှည်–ဒေါ်မိုးမိုး မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးမောင်မောင်–ဒေါ်စန်းစန်းရီ မိသားစုက ငွေကျပ်ငါးသောင်း၊ ဒေါ်တင်မြ မိသားစုက ငွေကျပ် ငါးသောင်း၊ ဒေါ်မြင့်မြင့်စိန် မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးမြအေး–ဒေါ်တင်ဝင်းမိသားစုကငွေကျပ်ငါးသောင်း၊ ဒေါ်စန်းမြင့် မိသားစုက ငွေကျပ်ငါးသောင်း စုစုပေါင်းအလှူငွေကျပ်ရှစ်သိန်း ခြောက်သောင်းကို ပေးအပ်လှူဒါန်းရာ ကျောင်းတိုက် သာသနာ့နုဂ္ဂဟအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့်သန်းနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

**(အောက်ပုံ) (က–ပ)**



# ဟင်္သာတခရိုင် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး ထူးချွန်ကျောင်းသားနှင့် အောင်ချက်အကောင်းဆုံးကျောင်းများ ဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၁၂

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဟင်္သာတမြို့ မြို့တော်ခန်းမ၌ကျင်းပသော ဟင်္သာတခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)သို့ တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။**

**ဆွေးနွေးမှာကြား**

ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အသင်းကြီး၏ စည်းရုံးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်က အသင်းကြီးက ဆောင်ရွက်လျက်ရှိသော ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စည်းရုံးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်ဟင်္သာတခရိုင်အတွင်းမှ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများမှ ဆရာကြီး၊ ဆရာမကြီးများအား ဗဟိုအတွင်းရေးမှူး **(အပေါ်ပုံ)** နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။



**ဖြည့်ဆည်းဆောင်ရွက်ပေး**

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများသည် ဟင်္သာတမြို့ ဆည်မြောင်းဧည့်ရိပ်သာ မြနန္ဒာခန်းမ၌ ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များမှ သမဝါယမဝန်ထမ်းများ၊ သမဝါယမအသင်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတစက်မှုဇုန်ရှိ ပြည့်စုံစက်မှုလက်မှုလုပ်ငန်းသို့ ရောက်ရှိပြီး အလုပ်ရုံမှ တီထွင်ထုတ်လုပ်လျက်ရှိသော စပါးခွံသုံးလျှပ်စစ်ဓာတ်အားပေးစက်ထုတ်လုပ်တပ်ဆင်နေမှုအခြေအနေကိုကြည့်ရှုသည်။

**လှည့်လည်ကြည့်ရှု**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတစက်မှုဇုန် ရှင်းလင်းဆောင်သို့ရောက်ရှိပြီး စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဟင်္သာတစက်မှုဇုန် ဖော်ထုတ်ပြီးစီးမှု အခြေအနေ၊ စက်မှုဇုန် မြေကွက်များ ရောင်းချပြီးစီးမှု အခြေအနေ၊ မြို့တွင်းမှ လုပ်ငန်းရှင်များ ပြောင်းရွှေ့ရေးဆောင်ရွက်မှုအခြေအနေ၊ စက်မှုဇုန်အတွက် လိုအပ်မည့် လျှပ်စစ်ဓာတ်အားနှင့်တယ်လီဖုန်း တပ်ဆင်ပေးနိုင်မည့်အခြေအနေများကို အသေးစိတ်ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဟင်္သာတမြို့နယ် ရှားခဲကျေးရွာ ဘုရားကြီးတန်ဆောင်း၌ ရှားခဲကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရှားခဲအခြေခံပညာအထက်တန်းကျောင်းခွဲ မှ ဆရာ/ဆရာမများ၊ ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး အခြေအနေများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ အသင်း၏ စည်းရုံးရေးဆိုင်ရာကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးသည်။ **(သတင်းစဉ်)**

**ဟောပြော**

**(၄၁)ကြိမ်မြောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို သဃ်္ဃန်းကျွန်းမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင် စက်တင်ဘာ ၈ ရက်က ကျင်းပရာ သဃ်္ဃန်းကျွန်းမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးတင့်လွင်က နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် စပ်လျဉ်း၍ ဟောပြောစဉ်။** (က–ပ)





# ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂

**ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို ယနေ့နံနက် ၁၁နာရီတွင် ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတက်ရောက်၍ အမှာစကားပြောကြားပြီး ခရိုင်အတွင်းမှ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိကြသူ နှစ်ဦးတို့အား ဆုများကိုချီးမြှင့်သည်။**

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ ပျဉ်းမနားခရိုင်နှင့်ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကား ပြောကြား၍ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့ကြသော ပျဉ်းမနားမြို့နယ် ရေဆင်းအခြေခံပညာ အထက်တန်းကျောင်းမှ မအိပွင့်ဖြူမြင့်သိန်းနှင့် တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မခင်ဝါဝါလှိုင်တို့အား ဆုများကိုချီးမြှင့်ပြီး ပျဉ်းမနားခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းက ငါးဘာသာ ဂုဏ်ထူးရရှိသူသုံးဦးတို့အား လည်းကောင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးခင်မောင်ဌေးက ငါးဘာသာ ဂုဏ်ထူးရရှိသူ သုံးဦးတို့အားလည်းကောင်း၊ ခရိုင်အသင်းတွဲဖက် အတွင်းရေးမှူး ဦးဇော်တင့်က ငါးဘာသာဂုဏ်ထူးရရှိသူ သုံးဦးတို့အား လည်းကောင်း၊ ခရိုင်အသင်းအလုပ်အမှုဆောင် ဦးမြင့်ဆွေက ငါးဘာသာဂုဏ်ထူးရရှိသူ သုံးဦးတို့အားလည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အလှူရှင်များနှင့် ပျဉ်းမနားမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီတို့၏ လှူဒါန်းငွေများကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးကလက်ခံ၍ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အလှူငွေကျပ် ၂၁၆၇၀၀ ကိုပေးအပ်လှူဒါန်းရာ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက ဆောင်ရွက်ပြီး အမှာစကား ပြောကြားသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ခရိုင်အလုပ်အမှုဆောင်များက ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းကြပြီး ခရိုင်အတွင်းရှိ မြို့နယ်အသင်းများ၏ အကြံပြုစာတမ်းကို လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသန်းတိုးက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူးဦးဇော်တင့်က အကြံပြုစာတမ်းနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြပြီး ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် သဘာပတိက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၏ဆန္ဒကို ရယူ၍ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ကြေညာပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

**စက်တင်ဘာ ၅ ရက်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့ အစည်းအကြီးအကဲများ အစည်းအဝေးတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် အာဆီယံနိုင်ငံဝန်ထမ်းအကြီးအကဲများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**

(သတင်းဖော်ပြပြီး)

(သတင်းစဉ်)



## နေပြည်တော် မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ စက်တင်ဘာ၁၃ရက် ညနေအထိ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

# အမျိုးသားအဆင့်အီလက်ထရွန်နစ်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ အီလက်ထရွန်နစ်ပစ္စည်းများ ပြပွဲနှင့်ဆွေးနွေးပွဲတက်ရန်ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံ အမျိုးသားအဆင့် အီလက်ထရွန်နစ်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တော်၌ စက်တင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိကျင်းပမည့် ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ပစ္စည်းများ ပြပွဲနှင့်ဆွေးနွေးပွဲသို့တက်ရောက်ရန် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာသွားရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဉာဏ်ဝင်း လိုက်ပါသွားသည်။

**(သတင်းစဉ်)**



**မြန်မာနိုင်ငံ အမျိုးသားအဆင့် အီလက်ထရွန်နစ်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တော်၌ ကျင်းပမည့် ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ၊ ဆွေးနွေးပွဲသို့ တက်ရောက်ရန် နေပြည်တော်လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့် အတူတွေ့ရစဉ်။** (သတင်းစဉ်)

**စက်တင်ဘာ ၈ ရက်က လှိုင်မြို့နယ် ဂျီအီးစီပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက်၂၀၀၅–၂၀၀၆ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အမက(၁၉)လှိုင်၌ကျင်းပရာ အသင်းဥက္ကဋ္ဌက အသင်းသား အကျိုးဝေစု ငွေကျပ်၂၆၈၆၀၀ကို မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်ရီထံ ပေးအပ်စဉ်။** (က–ပ)



# အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ စီးပွား/ ကူးသန်းကလျှပ်စစ်စွမ်းအားကို အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ စီးပွား/ကူးသန်းအသင်းက လျှပ်စစ်စွမ်းအားအသင်းကို ခုနစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**ယနေ့ပွဲ**

စက်တင်ဘာ ၁၃ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ပို့ဆောင်ရေးအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ စွမ်းအင်အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# အနောက်တောင်မုတ်သုံလေဆုတ်ခွာဖွယ်

**ရန်ကုန် စက်တင်ဘာ ၁၂**

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားနည်းနေသည်။

စက်တင်ဘာ ၁၃ရက် ညနေအထိခန့်မှန်းချက်အရ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့၌ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**ဗဟန်းမြို့နယ် ပြန်/ဆက်ဦးစီးဌာနကကြီးမှူး၍ စက်တင်ဘာ ၈ရက်တွင် ဆရာစံမြောက် အနောက်ရပ်ကွက်ရုံး၌နယ်လှည့်စာဖတ်ခန်း နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာမြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**
(မြို့နယ်ပြန်/ဆက်)



# အိုးထရက်ဖို့ဒ်တွင် မန်ယူ ဆဲလ်တစ်ကိုနိုင်မည်လော

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ဆဲလ်တစ် စက်တင်ဘာ ၁၂

မန်ချက်စတာယူနိုက်တက် အသင်းသည် ချန်ပီယံလိဂ် အုပ်စုပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် အိုးထရက်ဖို့ဒ်၌ ဆဲလ်တစ် အသင်းကို အလွယ်တကူ အနိုင်ယူရန် သေချာကြောင်း ပတ်ခရီရန်းက ခန့်မှန်းပြောကြားသည်။

**ပြောကြား**

မိမိအနေဖြင့် အရိုးသားဆုံးပြောရလျှင် ယင်းပြိုင်ပွဲတွင် မန်ယူနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ၁၉၆၀ပြည့်လွန်နှစ်များက ဆဲလ်တစ်ကစားသမားနှင့် စကော့တလန်လက်ရွေးစင်ဖြစ်ခဲ့သော ပတ်ခရီရန်းက ပြောကြားသည်။

**မျှော်လင့်ထား**

သို့ရာတွင် ဆဲလ်တစ်အသင်းသည် မန်ချက်စတာယူနိုက်တက်ကွင်းတွင် အုပ်စုပွဲအနိုင်ရမှုကို ရှာဖွေသင့်ကြောင်း၊ ဘင်ဖီကာနှင့် ကိုပင်ဟောဂင်အသင်းတို့ အထက် အုပ်စု ဒုတိယနေရာ အနည်းဆုံးရရှိရန် မျှော်လင့်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။







**ဆဲလ်တစ်မန်နေဂျာစထရာချန် (ဝဲ) နှင့် မန်ယူ မန်နေဂျာဖာဂူဆန်။** (ဓာတ်ပုံ–အင်တာနက်)

ဆဲလ်တစ်တို့ အုပ်စုအဆင့်ကို ကျော်လွှားနိုင်ရန် အလွန်စိတ်အားထက်သန်နေကြသည်။ ဆဲလ်တစ်မန်နေဂျာ ဂေါ်ဒွန်စထရာချန်ကလည်း ယမန်နှစ်ကထက် ဆဲလ်တစ်တို့ အားလျော့သွားသည်ဟု သုံးသပ်ထားသည်။

**(အင်တာနက်)**

# အာဆင်နယ်ကလိုလားမှုနည်း၍ ဒေါသထွက်မိ ချယ်လ်ဆီးရောက် အက်ရှ်လေကိုးလ် ပြောကြား





**ချယ်လ်ဆီးသို့ ပြောင်းရွှေ့ခဲ့သူ အက်ရှ်လေကိုးလ်။** (ဓာတ်ပုံ–အင်တာနက်)

**လန်ဒန် စက်တင်ဘာ ၁၂**

အာဆင်နယ် နောက်တန်းကစားသမား အက်ရှ်လေကိုးလ်သည် ချယ်လ်ဆီးသို့ပြောင်းရွှေ့ခဲ့ရာတွင် အာဆင်နယ်က လိုလားမှုမရှိ၍ ဒေါသဖြစ်ကာ ပြောင်းရွှေ့ခဲ့ရကြောင်း အက်ရှ်လေကိုးလ်က ပြောကြားသည်။

**တောင်းဆို**

အင်္ဂလန် နောက်တန်းကစားသမား အက်ရှ်လေကိုးလ်က တစ်ပတ်လျှင် ပေါင် ၆၀၀၀၀ တောင်းဆိုသည်။ သို့သော် အာဆင်နယ်ဘုတ်အဖွဲ့က ၎င်းအား ပေါင် ၅၅၀၀၀ သာ ပေးခဲ့သည်။

မိမိအား ပေါင် ၅၀၀၀ ကွာခြားချက်လေးဖြင့် အာဆင်နယ်တွင် ဆွဲမထားသည်မှာ အာဆင်နယ်ဘုတ်အဖွဲ့ကို မယုံကြည်ကြောင်း အက်ရှ်လေကိုးလ်က ပြောကြားသည်။ အသက် ၂၅ နှစ်ရှိ ကိုးလ်သည် ပြောင်းရွှေ့မှု တံခါးပိတ်ချိန်တွင် ချယ်လ်ဆီးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ ကိုးလ်နှင့် ဝီလျံဂါးလက်စ်ကို အလဲအလှယ်လုပ်ခဲ့ကြရာ ချယ်လ်ဆီးက အာဆင်နယ်ကို ပေါင်ငါးသန်း အလိုက်ပေးခဲ့ရသည်။

**(အင်တာနက်)**

# ဒဗလျူဘီစီ၏ လိုက်ဝဲလ်တာဝိတ်တန်း ချန်ပီယံ ဝီတာနှင့် မာကပ်စ်ကောလေတို့ယှဉ်ပြိုင်မည်



**မာကပ်စ်ကောလေနှင့် ထိုးသတ်မည့်ဝီတာ။** (ဓာတ်ပုံ–အင်တာနက်)

**လန်ဒန် စက်တင်ဘာ ၁၂**

ကမ္ဘာ့လက်ဝှေ့ကောင်စီ (ဒဗလျူဘီစီ)၏ လိုက်ဝဲလ်တာဝိတ် ချန်ပီယံအတွက် ဂျူနီယာဝီတာနှင့် ဒေမာကပ်စ်ကောလေတို့ စက်တင်ဘာ ၁၅ရက်၌ လန်ဒန်ရှိ အလက်ဇန္ဒြားပဲလေ့၌ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အသက် ၃၂နှစ်အရွယ်ရှိ ဝီတာက "မိမိအနေဖြင့် ပြိုင်ပွဲတွင် အနိုင်ရရှိရေးအတွက် အာရုံစိုက်ထားပြီဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဒဗလျူဘီစီ၏ လိုက်ဝဲလ်တာဝိတ်တန်း၌ မိမိအကောင်းဆုံးဖြစ်ကြောင်း ပြသခွင့်ရပြီဖြစ်ကြောင်း" ပြောကြားသည်။ ဝီတာသည် ၂၀၀၀ပြည့်နှစ်က နိုင်ငံတကာ လက်ဝှေ့အဖွဲ့ချုပ် ချန်ပီယံ ဇတ်ဂျူဒတ်နှင့်ထိုးသတ်ကာ အနိုင်ရရှိခဲ့သည်။ သို့သော်လည်း ၂၀၀၃ခုနှစ်က ဂျူဒတ်နှင့် ပြန်လည်ထိုးသတ်ခဲ့ရာတွင် ရှုံးနိမ့်ခဲ့ပြီး ဒဗလျူဘီစီ၏ လိုက်ဝဲလ်တာဝိတ်ချန်ပီယံဆုကို လက်လွှတ်ခဲ့ရသည်။

ဝီတာသည် ဒဗလျူဘီစီ လိုက်ဝဲလ်တာဝိတ်တန်းအတွက် ချန်ပီယံဆုကို ပြန်လည်ရယူနိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းကပြောကြားသည်။

**(အင်တာနက်)**

# အေသင်၌ကျင်းပမည့် မီတာ ၁၀၀ အပြေးပြိုင်ပွဲ ပိုဝဲလ် ပါဆင်နွှဲမည်

**လန်ဒန် စက်တင်ဘာ ၁၂**

ဂရိနိုင်ငံ အေသင်မြို့၌ လာမည့် သီတင်းပတ်ကုန်တွင် ကျင်းပမည့် နိုင်ငံတကာတာတိုအပြေးပြိုင်ပွဲ၌ ကမ္ဘာ့မီတာ ၁၀၀ စံချိန်ရှင် အဆာဖာပိုဝဲလ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ပိုဝဲလ်သည် ယခုနှစ်၌ မီတာ ၁၀၀ ကို ၁၀ စက္ကန့်အောက် လျှော့၍ ပြေးထားပြီး ကမ္ဘာ့စံချိန် ချိုးထားသူဖြစ်သည်။ မိမိအနေဖြင့် လာမည့် ၂၀၀၇ ခုနှစ် တာတိုအပြေးပြိုင်ပွဲများ၌ အောင်ပွဲဆင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပိုဝဲလ်သည် ယခုအခါလေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး ပြိုင်ပွဲဝင်ရန် အဆင်သင့် ဖြစ်နေကြောင်း၊ လာမည့်ပွဲ၌ အနိုင်ရရှိရန် ရာနှုန်းများကြောင်းလည်း ပိုဝဲလ်၏ နည်းပြ ပေါလ်ဒွန်လီက ပြောကြားသည်။

ပိုဝဲလ်သည် မီတာ ၁၀၀ ကို ယခုနှစ်၌ ၁၀ စက္ကန့်အောက် ပြေးထားမှုမှာ ၁၂ ကြိမ်ရှိပြီ ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

**(အင်တာနက်)**

# ကမ္ဘာတစ်လွှား အားကစား

# ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲယား ယူအက်စ်အိုးပင်းဖလားသုံးနှစ်ဆက်တိုက်ဗိုလ်စွဲ

**နယူးယောက် စက်တင်ဘာ ၁၂**

ဆွစ်ဇာလန်နိုင်ငံသား ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် ယူအက်စ်အိုးပင်း အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၌ စက်တင်ဘာ ၁၀ ရက်က အမေရိကန်မှ အင်ဒီရော့ဒစ်ကို ၆–၂၊ ၄–၆၊ ၇–၅၊ ၆–၁ ဖြင့် နိုင်ပြီး ဆုဖလား ဆွတ်ခူးရရှိသွားသည်။

ဖက်ဒဲယားသည် အဆိုပါယူအက်စ်အိုးပင်းဖလားကို သုံးနှစ်ဆက်တိုက် ဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ၎င်း၏တင်းနစ်ကစားသမား သက်တမ်းတစ်လျှောက် ကိုးလုံးမြောက် ဂရင်းဆလမ်ဖလားဖြစ်သည်။ ၎င်းသည် ယူအက်စ်အိုးပင်းဖလားကြီးကို သုံးနှစ်ဆက်တိုက် ဗိုလ်စွဲနိုင်ခဲ့သလို ဝင်ဘယ်ဒန်ဖလားကိုလည်း သုံးနှစ်ဆက်တိုက် ဗိုလ်စွဲနိုင်ခဲ့သူဖြစ်သည်။ ဖက်ဒဲယားသည် ၂၀၀၆ ခုနှစ် အတွင်း ဝင်ဘယ်ဒန် ဖလားနှင့် သြစတြေးလျ အိုးပင်းဖလားတို့ကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းသည် ပြင်သစ်အိုးပင်း ဗိုလ်လုပွဲ၌ စပိန်မှ ကမ္ဘာ့နံပါတ် (၂) ရာဖေးလ်နာဒယ်အား ရှုံးနိမ့်ခဲ့သည်။

ဖက်ဒဲယားသည် တင်းနစ်ကစားသမားသက်တမ်းတစ်လျှောက် ဂရင်းဆလမ်ဖလားကြီး ကိုးလုံးအပါအဝင် ဆုဖလားပေါင်း ၄၁ လုံး ဆွတ်ခူးနိုင်ခဲ့ပြီးဖြစ်သည်။

**(အင်တာနက်)**



**ယူအက်စ် အိုးပင်းဖလားကြီးကို ကိုင်မြှောက် အောင်ပွဲခံနေသော ရော်ဂျာဖက်ဒဲယား။** (ဓာတ်ပုံ–အင်တာနက်)

# ပရီမီယာလိဂ်ပွဲစဉ်(၄)လက်ကျန်ပွဲ ရီဒင်းက မန်စီးတီးကိုအနိုင်ရ

ရေးသားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် စက်တင်ဘာ ၁၂

**ပရီမီယာလိဂ်ပွဲစဉ်(၄) လက်ကျန်ပွဲအဖြစ် ရီဒင်းနှင့် မန်စီးတီးတို့ စက်တင်ဘာ ၁၁ရက်က ရီဒင်းကွင်း၌ကစားရာ မန်စီးတီးတို့ တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။**



**ပွဲချိန် မိနစ် ၈၀ တွင် မန်စီးတီးကစားသမား ဒါဘို** (ယာ) **က ရီဒင်းမှ ဆစ်ဝဲလ်အား ဤသို့ ကြမ်းတမ်းစွာ ကစားခဲ့၍ အနီကတ်ပြခံရကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)

ပရီမီယာလိဂ်မျက်နှာသစ် ရီဒင်းသည် ကစားရခက်သော မန်စီးတီးကို အိမ်ကွင်း၌ ခြေကုန်ထုတ်ကစားရာ ပထမပိုင်းပွဲချိန် ၂၃ မိနစ်မှာပင် အင်ဂီမာဆင်က ဗွေဆော်ဦးအဖွင့်ဂိုးကို သွင်းယူနိုင်ခဲ့သည်။

ရီဒင်းတွင် ဟာပါ၊ ကွန်ဗိုင်၊ လီတာနှင့် ဒွိုင်လီတို့ ခြေပေါ်အောင် ကစားနိုင်ခဲ့ပြီး ခြေစွမ်းလည်းပြနိုင်ခဲ့ကြသည်။ မန်စီးတီးတို့ ချေပဂိုးရရှိရေး အပြင်းအထန် ကြိုးစားသော်လည်း အရာမထင် ဖြစ်ခဲ့ရသည်။

**ဂိုးမရခဲ့**

မန်စီးတီးသည် ကော်ရာဒီ၊ ရေနာ၊ ဒါဘို၊ ဆင်ကလဲရား၊ ဘာတွန်၊ ဒစ်ကော့ဗ် စသည့်ကစားသမားများနှင့် အင်တိုက်အားတိုက် ကစားခဲ့သော်လည်း ချေပဂိုး တစ်ဂိုးမျှ ရအောင် မသွင်းနိုင်ခဲ့ချေ။ တိုက်စစ်မှူးဒစ်ကော့ဗ်၏ ထိုးဖောက် ကန်သွင်းချက်များကလည်း အပေါ်ထောင်၊ ဘေးထွက် ဖြစ်လျက်ရှိသဖြင့် ဂိုးမရခဲ့ခြင်းလည်း ဖြစ်သည်။

ရီဒင်းသည် ပရီမီယာလိဂ် လူသစ်တန်းဖြစ်သော်လည်း မန်စီးတီးကို အနိုင်ရအောင် ကစားခဲ့ရာ ယခုနှစ် ပရီမီယာလိဂ်၌ သူ၏ ဒုတိယမြောက် နိုင်ပွဲပင်ဖြစ်သည်။ မန်စီးတီးသည် အာဆင်နယ်ကဲ့သို့ ဝါရင့်၊ သမ္ဘာရင့် အသင်းကို အနိုင်ကစားနိုင်ခဲ့သော်လည်း ရီဒင်းလို တန်းတက်အသင်းကို အဝေးကွင်း၌ ရှုံးခဲ့ရခြင်းဖြစ်သည်။ မန်စီးတီးသည် လေးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားသည်။

**(အင်တာနက်)**

# ရှမ်းရိုးရာအစားအစာပြုလုပ်နည်း သင်တန်းဖွင့် ကျွမ်းကျင်ပညာရှင်များ စာတွေ့လက်တွေ့သင်ကြားပေး

**တောင်ကြီး စက်တင်ဘာ ၄**

ရှမ်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ရှမ်းရိုးရာအစားအစာပြုလုပ်နည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၁၀နာရီက တောင်ကြီးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

**စာတွေ့လက်တွေ့သင်ကြားပေး**

ဆက်လက်၍ ရှမ်းရိုးရာအစားအစာများဖြစ်ကြသည့် အင်းလေးညောင်ရွှေ အာလူး၊ ကြက်သွန်ဘီးမုန့်ပြုလုပ်နည်း၊ ဆန်လုံးစီခေါက်ဆွဲ ကောက်ညှင်းခြောက်ပြုလုပ်နည်းနှင့်တိုဖူးခေါက်ခေါ် တိုဟူးခြောက်ပြုလုပ်နည်းများကို ကျွမ်းကျင်ပညာရှင်များက စာတွေ့လက်တွေ့သင်ကြားပေးကြရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးကြသည်။

**(ယာပုံ)**

**တက်ရောက်**

အဆိုပါ သင်တန်းသို့ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ တပ်ရင်း၊ တပ်ခွဲ၊ တပ်ဖွဲ့များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၅၀တို့တက်ရောက် ကြကြောင်း သိရသည်။

**(ပြည်နယ် အမျိုးသမီးရေးရာ)**



# မိုင်းခတ်မြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ ထူးချွန်အောင်မြင်သူများဆုပေးအပ်

မိုင်းခတ် စက်တင်ဘာ ၂

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ သင်းလုံးကျွတ် အစည်းအဝေး ၂၀၀၆ကို ဩဂုတ်၂၄ရက် နံနက်က မိုင်းခတ်မြို့နယ်ခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် မိုင်းခတ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းထွေးက အဖွင့်အမှာစကားပြောကြားသည်။ဆက်လက်၍ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအားဆုပေးပွဲကို ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသိန်းဦးက ခြောက်ဘာသာ ဂုဏ်ထူးရှင် မနန်းသူဇာလှိုင်အားလည်းကောင်း၊ အခြား အောင်မြင်သူရှစ်ဦးအား အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးသိန်းဟန်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးအောင်သန်းတို့က ပေးအပ်ချီးမြှင့်ကြသည်။

**လှူဒါန်း**

ဆက်လက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက မိုင်းခတ်မြို့နယ်ရှိ ကျောင်းများသို့စာရေးခုံ၄၃စုံကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူကြောင်း သိရသည်။ **(က-ပ)**

# ဆွမ်းဆန်စိမ်းလောင်းလှူ

**ညွှားထိုးကြီး ဩဂုတ် ၂၃**

ဝါခေါင်လပြည့် မေတ္တာတော်နေ့ အောင်ဇောတိညောင်ပင် စေတီတော်အကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဩဂုတ်၈ရက်ညနေပိုင်းက ညွှားထိုးကြီးမြို့ ရှင်ပင်သာဒွန်းဦးဝန်းရှိ အောင်ဇောတိညောင်ပင်ရင်းတွင်ကျင်းပသည်။

မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၂ကျောင်းမှ သံဃာတော်၃၀၀ကျော်အား မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တပုညသီရိအမှူးပြု၍ မြို့မ(၈)ရပ်ကွက်နှင့်ဝန်းကျင်ရွာများကဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

ထို့နောက် သရက်ကုန်းကျောင်းဆရာတော်ဘဒ္ဒန္တ ဝိစိတ္တထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (၂၂၇)

# အမြို့မြို့ အနယ်နယ် သတင်းများ



**မြဝတီမြို့နယ် စည်ပင် သာယာရေး အဖွဲ့က မြို့သာယာ လှပရေးအတွက် အသစ်တည် ဆောက်ပြီးစီးသော လမ်းလယ် ကျွန်း များတွင် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ဩဂုတ် ၂၀ရက်က ဒုတိယညွှန် ကြားရေး မှူးချုပ် ဦးခင်လတ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးခင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

# လင်းရောင်ခြည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် စေတနာရှင်များက စာအုပ်များပေးအပ်လှူဒါန်း

ဆိပ်ဖြူ ဩဂုတ် ၃၁

**ဆိပ်ဖြူမြို့နယ် ချောင်းမကြီး ကျေးရွာအုပ်စု မယ်ဇလီကွေ့ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အဆောက်အအုံသစ် နှင့် ကိုယ့်အား ကိုယ်ကိုး လင်းရောင်ခြည် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ရက်နံနက်က ကျင်းပသည်။**

**တက်ရောက်**

**အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

**အခမ်းအနားတွင် မယ်ဇလီကွေ့ ကျေးရွာရုံး အဆောက်အအုံနှင့် လင်းရောင်ခြည် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**

**ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦး မျိုး မောင် မောင် ကျော်က စာကြည့်တိုက် အကြောင်း သိကောင်းစရာများ ဟောပြောပြီး စေတနာရှင်များက စာအုပ်များ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။** (မြို့နယ် ပြန်/ဆက်)



**ကျိုင်းတုံမြို့ ယန်းလော-ကတ်ထိုက်ကျေးလက် ကျောက်ချောလမ်းကို ဒေသခံပြည်သူများ စုပေါင်း၍ ပြုပြင်ရာ ဩဂုတ်၁၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွေးအောင်တို့ ကြီးကြပ်ပေးစဉ်။**

(မြို့နယ်စည်ပင်)

# မင်းဘူးခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင် ဆုရပြိုင်ပွဲဝင်များ ဆုပေးအပ်ချီးမြှင့်

**မင်းဘူး စက်တင်ဘာ ၇**

မင်းဘူးခရိုင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၂ ရက် နံနက်က မင်းဘူးမြို့ ဦးဩဘာသ ခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်က အမှာစကားပြောကြားပြီး အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**ချီးမြှင့်ပေးအပ်**

စက်တင်ဘာ ၃ ရက် ညပိုင်းက ဆုပေးပွဲအခမ်းအနား ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်၊ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သူရ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုရပြိုင်ပွဲဝင်များအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

**(ခရိုင် ပြန်/ဆက်)**



# မြေသြဇာကျွေး

**စက်တင်ဘာ ၆ရက်က မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မီးဖိုချောင်သုံး သီးနှံစိုက်ခင်းတွင် ဝန်ထမ်းများ ပေါင်းသင် မြက်ရှင်းခြင်းနှင့် မြေသြဇာကျွေးခြင်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။**

(မြို့နယ် စည်ပင်)



**မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် မြို့အဝင်ကပ်တိုးများဆောင်ရွက်မှုကို စက်တင်ဘာ၁ရက်က အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့်အငယ်တန်းအင်ဂျင်နီယာ(၃)ဦးသန်းလှိုင်စိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



## ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက် အန္တရာယ်ကင်းရန် လမ်းဆုံလမ်းခွများတွင် အချက်ပြမီးများတပ်ဆင်

မန္တလေး စက်တင်ဘာ ၅

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဩဂုတ် ၂၉ရက် ညနေ ၃နာရီခွဲက မန္တလေးမြို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် လမ်းတံတားဌာနမှ ဆောင်ရွက်နေမှုလုပ်ငန်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သန့်ရှင်းရေးဌာနမှ ဆောင်ရွက်နေမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ၇၃ လမ်းနှင့် ၂၆လမ်းဆုံ၌ လမ်းညွှန်အမှတ်အသား ဆောင်ရွက်နေမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူး ဦးအောင်စိုးက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ငါးမြို့နယ်အတွင်း လမ်းညွှန်အမှတ်အသားများ ပြုလုပ်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူး ဦးသန်းလွင်က လမ်းဆုံလမ်းခွများတွင် အချက်ပြမီးများ တပ်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် မြို့တော်ဝန်က မန္တလေးမြို့သည် အထက်မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်မှု အချက်အချာကျသော ဒေသမြို့ကြီးဖြစ်သဖြင့် နေ့စဉ် မော်တော်ကား၊ ဆိုင်ကယ် စသည့်စက်တပ်ယာဉ်များ၊ စက်ဘီးဖြင့် ခရီးသွားလာမှုများ များပြားသဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရန် လိုအပ်ကြောင်း၊ လမ်းဆုံလမ်းခွနေရာများတွင် လမ်းညွှန်အမှတ်အသားများ စနစ်တကျ ရေးဆွဲသွားရန်လိုကြောင်း၊ လမ်းဆုံလမ်းခွရှိ အချက်ပေးမီးပွိုင့်များ ကောင်းမွန်ရေးသည် အရေးကြီးကြောင်း၊ အချက်ပေးမီးပွိုင့်များ ကောင်းမွန်ရေးအတွက် စစ်ဆေး ကြီးကြပ်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး တာဝန်ရှိသူများအား လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် မန္တလေးမြို့တွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ၃၃လမ်းနှင့် ၇၁ လမ်းထောင့်တွင် ရေဆိုးထုတ်မြောင်းအား စက်ယန္တရားကြီးများဖြင့် ရွှံ့နွံများ၊ အမှိုက်များ ဆယ်ယူမှုကို သွားရောက်စစ်ဆေးကြသည်။ **(သတင်းစဉ်)**



## ပေါက်တောမြို့မဈေး၌ အလေးချိန်ခွင်မှန်ကန်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပေါက်တော ဩဂုတ် ၂၃**

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၁၀ရက်က ပေါက်တောမြို့ မြို့မဈေးကြီးအတွင်းရှိ ဆန်အရောင်းဆိုင်များ၊ သားငါးအရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်နှင့် အခြေခံစားကုန်အရောင်းဆိုင်များတွင် အလေးတင်းတောင်း မှန်မှန်ကန်ကန်ဖြင့် ချိန်တွယ်ရောင်းချကြစေရန်အတွက် ဈေးအတွင်းရှိ ဆိုင်ခန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

**ဩဂုတ် ၂၃ရက်က မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့မ(၂)ရပ်ကွက်အတွင်းနှင့် (၁)လမ်းမကြီး ဘေးဝဲယာရှိ ရေမြောင်းများ ရှင်းလင်းတူးဖော်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းတို့ကို မြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ စုပေါင်း၍ ဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်ခိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ တောင်ဥက္ကလာပ အမှတ်၃၁၀/ခ သစ္စာလမ်း ၉ရပ်ကွက်နေ ဦးနေဝင်းအားရည်စူး၍ ဇနီးဒေါ်မို့မို့ထွန်း၊ သမီးကြီး မြတ်မိုမိုကျော်၊ သမီးငယ် ခိုင်ချိုနေဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော်(အောင်တော်မူ)ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ရှေ့မှောက်၌ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



## ကျောင်းကုန်းမြို့နယ် ထွေ/အုပ်ဦးစီးဌာန နှစ်ပြည့်အငြိမ်းစားယူဝန်ထမ်းများ ဂုဏ်ပြု

**ကျောင်းကုန်း စက်တင်ဘာ ၆**

မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ နှစ်ပြည့်အငြိမ်းစားယူသွားသည့်ဝန်ထမ်းများအား နှုတ်ဆက်ဂုဏ်ပြုပွဲကို ဩဂုတ်၃၁ရက် နံနက် ၁၀နာရီက ရှောဝတီတိုင်း ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငြိမ်းစားယူကြသည့် စာရေးဝန်ထမ်းသုံးဦးအား တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀စီ ဂုဏ်ပြုငွေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က ပေးအပ်ခဲ့သည်။

**(အပေါ်ပုံ) (၂၆၅)**



**မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မောင်တော–ကျီးကန်းပြင် လမ်းမပေါ်ရှိ တံတားအမှတ်(၁၀)သံကူကွန်ကရစ် ပိုင်တိုင်ရိုက်သွင်းရန် လုပ်ငန်းပြင်ဆင်နေမှုကို စက်တင်ဘာ ၁ရက်က အမှုဆောင်အရာရှိ ဦးဘမြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ် စည်ပင်)

## ဘူးသီးတောင်မြို့၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

**ဘူးသီးတောင် ဩဂုတ် ၃၀**

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို ဩဂုတ်၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**တော်သလင်းလပြည့်ကျော် ၈ရက်**
**၁၄-၉-၂၀၀၆ (ကြာသပတေးနေ့)**

### နံနက်ပိုင်း

၀၇:၀၀ ဥပုသ်နေ့ နှိုးဆော်ချက် တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

### နေ့လယ်ပိုင်း

၀၉:၀၀ နဝင်္ဂဥပေါသထသီလပေး တရားတော် (ဘဒ္ဒန္တ ဉာဏိဿရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)

၁၀:၀၀ **(၁၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး အဆင့်မြင့်ပညာ အဆင့် အမျိုးသမီးလေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး) (၁)မေတ္တာဟူသည် (ထား) (၂)ယောကျ်ားဆုပန် (လေဘာတီမြရင်) (၃)ရွှေမိုးရယ်မှောင် (တင်တင်မြ)**

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ယူပီအက်စ် အသုံးပြုသူများအတွက် သိကောင်းစရာများ အကြောင်း)

၁၁:၃၅ စာအုပ်စာပေ လူ့မိတ်ဆွေ (၁)ဗုဒ္ဓတရား အဆီအနှစ်များ (သစ္စာရှင်) (၂)တက္ကသိုလ်ဝင်တန်း အကောင်းဆုံး အင်္ဂလိပ်စာ လမ်းညွှန်(ဦးတောင်လုံး)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ခါးမကိုင်းဘဲ နားမထိုင်းရအောင်–မောင်ဆုရှင်)

၁၂:၁၅ နေ့လယ်တရားတော်

၁၂:၂၀ အစာနှင့် အာဟာရ(ပိန်းရိုးနှင့် ကြာရိုး)

### ညနေပိုင်း

၁၆:၀၀ တရားတော် (ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ မင်းကွန်းဆရာတော်ကြီး ဖြေကြားတော်မူခဲ့သော မူလ ပရိယာယဇာတကသုတ္တန်)

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၇:၄၀ ကိုယ့်စိတ်ကြိုက်ရွေး နှစ်သက်တေး (၁)လှိုင်းနဲ့သောင် (ချိုပြုံး) (၂)တစ်ခါကချစ်တေးစကား (မောင်ကြည်တိုး) (၃)မိုးဒေဝါ (အေဝမ်းတင်တင်လှ)

၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား (၁)ယုံတမ်းစကား (နီနီဝင်းရွှေ) (၂)ယုံတမ်းစကားမဟုတ်ပါ (မျိုးမြင့်လေး)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးအုန်းမြင့်)

၁၉:၁၅ ကွက်စိပ်အစီအစဉ် (တွံတေး ဒဂုံဆရာညွန့်၏ သုပ္ပဗုဒ္ဓဇာတ်)

၂၀:၂၀ ခံစားနားဆင်မြန်မာတေးသံစဉ် (၁)သုံးရာသီအလွမ်း (တက္ကသိုလ်လဲ့လဲ့) (၂)ဘယ်မှာလဲအချစ်ရယ် (ကိုမင်းနောင်) (၃)မေမေ့ပုံပြင် (ဌေးဌေးမြင့်)

## ဆီဆိုင်မြို့နယ်တွင် စေတနာညကျောင်းဖွင့် စာရေးကိရိယာနှင့် စာအုပ်များလှူဒါန်း

**ဆီဆိုင် ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ကကြီးမှူးဖွင့်လှစ်သောစေတနာညကျောင်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၁၁ရက် ညနေ၅နာရီက ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် ကျင်းပသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်းက အမှာစကားပြောကြားပြီး စေတနာရှင်များက စာရေးကိရိယာနှင့် စာအုပ်များ ပေးအပ်လှူဒါန်းကြရာ နယ်မြေခံတပ်နယ်မှူးနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်းတို့က လက်ခံရယူကြပြီး**(ဝဲပုံ)** မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မိုးအောင်က စေတနာညကျောင်း ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များနှင့် စေတနာရှင်များအား ဂုဏ်ပြုအမှာစကား ပြောကြားကြောင်း သိရသည်။ **(၀၄၈)**





# ထောက်ကြန့်ပုပ္ပားကျောင်းတိုက် အဓိဋ္ဌာန်အောင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

**မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်းတိုက်၏ (၅၄)ကြိမ်မြောက် အဓိဋ္ဌာန်အောင်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ရက် ညနေ ၃နာရီက အဆိုပါကျောင်းတိုက်၌ကျင်းပရာ ရှေးဦးစွာ နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိစ္စထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြကာ** (အပေါ်ပုံ) **သံဃာတော်များက မေတ္တာသုတ်ပရိတ်တရား ချီးမြှင့်ကြသည်။**

**အမျှပေးဝေ**

ဆက်လက်၍ နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စက ပွဲတော်ကျင်းပရခြင်းအကြောင်း မိန့်ကြား၍ ဥပသကာ ဦးထွန်းရှိန်က ခင်ပွန်းကြီး ဆယ်ပါးအား ဂါထာဖြင့်လည်းကောင်း၊ တေးသံရှင် မဇ္ဈူသင်းက ရတုပိုဒ်စုံ ဓမ္မတေးတို့ဖြင့်လည်းကောင်း ပင့်ဖိတ်ပူဇော်ကြပြီး ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စက မေတ္တာပို့ အမျှပေးဝေသည်။

**ကျင်းပ**

အဆိုပါ အဓိဋ္ဌာန်အောင်ပွဲတွင် သတ္တဝါများဘေးမဲ့လွှတ်ပွဲ၊ သက်ကြီး အဘိုး အဘွား ၇၀ အား ပူဇော်ပွဲ၊ ဘဒ္ဒန္တပဏ္ဍိစ္စအား (၁၃၇)ကြိမ်မြောက် သိင်္ကြာကံထပ်ပွဲ၊ ရှင်အပါး ၁၂၀ဒုလ္လဘ ရဟန်းခံပွဲ၊ အနန္တော အနန္တ ငါးပါး ပူဇော်ပွဲ၊ ပါရမီဆယ်ပါး ပြုကျင့်ပွဲ၊ မဟာသတိပဋ္ဌာန် ဝိပဿနာတရား စခန်းပွဲနှင့် အဓိဋ္ဌာန်တရား စခန်းပွဲတို့ကို ကျင်းပကြကြောင်း သိရသည်။

**(က-ပ)**



**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် အတွင်း တည်ဆောက်ဆဲ ရွှေရတု စိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ကွယ်လွန်သူ မိခင်ကြီး ဒေါ်လှကြည် အားရည်စူး၍ ဦးမြင့်စိုး-ဒေါ်သင်းသင်းနွယ်မိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးကျော်ရွေး ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



**စက်တင်ဘာ ၁၀ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် ပဲခူးတိုင်း သနပ်ပင်မြို့နယ်မှ လာရောက် ခွဲစိတ်မွေးဖွားသော သုံးမြွာပူးကလေးများအား အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့်အဖွဲ့က အလှူငွေနှင့် ကလေးသုံးပစ္စည်းများလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်မူမူညိုနှင့် မိခင် ဒေါ်သန်းသန်းမြင့်တို့က လက်ခံယူစဉ်။** (က-ပ)

# ဝါးခယ်မမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

**ဝါးခယ်မ စက်တင်ဘာ ၇**

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ကျေးရွာအုပ်စုပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ရက် ညနေ၃နာရီက မြို့နယ်အားကစားကွင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်(၁) ဒုရဲမှူး ဝင်းကြိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်များ ရွတ်ဆိုကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုရဲမှူးဝင်းကြိုင်က ပြိုင်ပွဲကို ဘောလုံးကန်၍ ဖွင့်လှစ်ပေးပြီး ပထမပွဲစဉ်အဖြစ် ရွှေလောင်းကျေးရွာအုပ်စုနှင့် ကျုံတိုင်ကျေးရွာအုပ်စုတို့ယှဉ်ပြိုင်ကစားကြရာ ရွှေလောင်းကျေးရွာအုပ်စုက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**ပါဝင်ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲသည် နယ်မြေ(၁၃)ခုအား ကိုယ်စားပြု၍ ကျေးရွာအုပ်စု အသင်းပေါင်း(၁၃)သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**





## ရေမြောင်းဆယ်

**ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဗိုလ်ချုပ်လမ်း ဝဲယာတစ်လျှောက် ရေမြောင်းဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဩဂုတ် ၂၀ ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော် ကြီးကြပ်စဉ်။** (တိုင်းစည်ပင်)



## မှူးယစ်ကင်းစင် အလှဆင်

**မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးထားမှုအခြေအနေကို ဩဂုတ် ၂၀ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ညွန့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။**

(မြို့နယ်စည်ပင်)

# ပထမပြန်စာမေးပွဲအောင်သံဃာတော်များ အောင်လက်မှတ်နှင့် အောင်ဆုဆက်ကပ်

**ကျောက်ပန်းတောင်း ဩဂုတ် ၂၈**

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ သုခဝတီပရိယတ္တိ စာသင်တိုက်၏ အကြိမ်(၃၀)မြောက် တိုက်တွင်း ပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူသော သံဃာတော်များအား အောင်လက်မှတ်နှင့် အောင်ဆုများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၂ရက် နံနက် ၉နာရီက စာသင်တိုက်အတွင်းရှိ သုခဝတီဓမ္မာရုံ၌ ကျင်းပသည်။

**လျှောက်ထား**

အခမ်းအနားတွင် ကျောက်ပန်းတောင်းမြို့ စိတ္တသုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမနထံမှ ဩဝါဒကထာနာယူကြပြီး သုခဝတီစာသင်တိုက် ဂေါပကဥက္ကဋ္ဌ ဦးသန်းအောင်က စာသင်သံဃာတော်များအား ဂုဏ်ပြုရခြင်းကို လျှောက်ထားသည်။

ထို့နောက် စာအောင်သံဃာတော် ဓမ္မာစရိယတန်းအောင် ငါးပါး၊ ပထမကြီးတန်းအောင် ခုနစ်ပါး၊ အလတ်တန်းအောင် ကိုးပါး၊ အငယ်တန်းအောင် ၁၉ ပါးနှင့် မူလတန်းအောင် ၁၇ ပါး စုစုပေါင်းစာအောင်သံဃာတော် ၅၂ပါးတို့အား စိတ္တသုခဆရာတော်က အောင်လက်မှတ်များ ချီးမြှင့်၍ ဒါယကာ၊ ဒါယိကာမများက အောင်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။ **(ဝ၆၁)**

**ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ချောင်းဝရွှေကျေးလမ်း ကျောက်ခင်းလမ်းပေါက်ဖာခြင်း လုပ်ငန်းကို စက်တင်ဘာ ၂ရက်က ပဲခူးတိုင်း စည်ပင်သာယာရေး အဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းစိန်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးက ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



## မြကန်သာပန်းခြံ ပန်းအလှဆင်

**လှိုင်လင် ဩဂုတ် ၁၅**

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပန်းခြံသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၉ ရက်က မြကန်သာပန်းခြံ လျှောက်လမ်းဘေးဝဲယာတစ်လျှောက်တွင် ပန်းအလှပင်များဖြင့် မြေယာရှုခင်းအလှဆင်ဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုင်းနုတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**(နယ်စပ်/စည်ပင်)**



**ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ဩဂုတ် ၁၃ရက်က ကွန်ပျူတာသင်တန်း ဖွင့်လှစ်ရာ သင်တန်းသား သင်တန်းသူများအား အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့ အား ပို့ဆောင်နှုတ်ဆက်

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ချစ်ကြည်ရေးအလည်အပတ် ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin နှင့် ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့၌ ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန် ယနေ့နံနက် ၈ နာရီခွဲက အထူးလေယာဉ်ဖြင့် နေပြည်တော်မှ မန္တလေးမြို့သို့ ထွက်ခွာသွားကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ●



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ မန္တလေးမြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ထွက်ခွာမည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် **General, Sonthi Boonyaratglin** နှင့်ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

## အတ္တလန်တစ်ယာဉ် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့်ချိတ်မိပြီ



**ကနေဒီ စက်တင်ဘာ ၁၂**

ကနေဒီအာကာသယာဉ်လွှတ်တင်ရေး မြေပြင်စခန်းမှ နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ လွှတ်တင်ခဲ့သော အတ္တလန်တစ် အာကာသယာဉ်သည် စက်တင်ဘာ ၁၁ ရက် ဂရင်းနစ်စံတော်ချိန် ၁၀၄၈ နာရီတွင် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ပြီဖြစ်သည်။ **(ဝဲပုံ)**

**ချိတ်ဆက်နိုင်**

ထိုသို့အောင်မြင်စွာ ချိတ်ဆက်နိုင်မှုမှာ ၁၁ ရက်ကြာ အာကာသခရီးစဉ်၏အရေးပါသော ပထမအဆင့်ကို ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ အတ္တလန်တစ် အာကာသယာဉ်မှူးတစ်ဦးဖြစ်သူ ဘရင့်ဂျက်က မိမိတို့ အတ္တလန်တစ် အာကာသယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းပေးပို့ခဲ့သည်။

**ပြင်ဆင်လျက်ရှိ**

ယခုအခါ နိုင်ငံတကာအာကာသစခန်းတွင် အာကာသယာဉ်မှူးများအနေဖြင့် လိုအပ်သည်များကို ပြင်ဆင်လျက်ရှိနေပြီဖြစ်သည်။ အတ္တလန်တစ်လွန်းပြန်ယာဉ်၏ လောင်စာဆီကန်မှာ အနည်းငယ်ချို့ယွင်းနေခဲ့ကြောင်း၊ သို့သော် တစ်စုံတစ်ရာပြဿနာမရှိကြောင်း နာဆာအဖွဲ့က ပြောကြားခဲ့သည်။

မိမိတို့၏ အာကာသယာဉ်မှူးများအနေဖြင့် ပုံမှန်လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေပြီဖြစ်ရာ ယခုအချိန်အထိ လုပ်ငန်းစဉ်တစ်ခုလုံး အဆင်ပြေချောမွေ့လျက်ရှိကြောင်း နာဆာက ကြေညာသည်။

**(အင်တာနက်)**

**မြန်မာ့အလင်း ဆောင်းပါးအညွှန်း**



❒ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသ ၂၄ ခု ပေါ်ထွက်လာပြီး ယင်းဒေသအသီးသီး၌ လိုအပ်သော တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ထူထောင်၍ ဒေသအလိုက် အဆင့်မြင့်ပညာကို လက်လှမ်းတမီ သင်ကြားနိုင်သည့် အခွင့်အလမ်းများကို ဆန်းသစ်ဖော်ထုတ်လိုက်နိုင်သည်နှင့်အမျှ မြို့ကြီး ပြကြီးများ၌သာ အဆင့်မြင့်ပညာ သွားရောက်သင်ကြားရသည့် ပညာရေး၏ အစဉ်အလာဓလေ့ဟောင်းသည် ဆုံးခန်းတိုင်သွားသည်။

ဦးဇော်၏ နိုင်ငံတော်၏ တိုင်းပြုပြည်ပြု သမိုင်းမှတ်တိုင်များ(၅) ဆောင်းပါး (စာ-၉)